



mgyoe.com


19 YEARS ANNIVERSARY

ဘဝင်း

# သဲတစ်ပွင့်အုတ်တစ်ချပ်နှင့် လွတ်လပ်ရေးရပြီ

mgyoe.com

mgyoe.com



နိုင်ငံရေးစာရေးဆရာလင်းယုန်ဘဝင်း၏ သမိုင်းနောက်ခံဖြစ်ရပ်မှန်ဝတ္ထု၂၀တွဲပေါင်းဖြစ်သည်။ ဤစာအုပ်တွင် ဒဂုန်ဦးစန်းငွေ၊ အုံ့မောင်၊ သခင်ဗကိုး၊ သခင်စိုးဝင်းနှင့် ဖေသိန်းဦး တို့က အမှာရေးခဲ့ကြသည်။ သူ၏ နိုင်ငံရေးဝတ္ထုတွင် ပါဝင်ပတ်သက် နောက်ခံပြုထားသော သမိုင်းဝင်ပုဂ္ဂိုလ်များမှာ သခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ ဦးကျော်ငြိမ်း၊ ဗိုလ်ဗထူး၊ သခင်နု၊ သခင်သန်းထွန်း၊ ဘကြီးဘဖေ၊ သမ္မတ ဆာဘဦး၊ ဦးသိန်းမောင်၊ သခင်ထွန်းအုပ်၊ သခင်ရန်အောင်၊ ဦးကျော်မြင့်၊ ဒေါက်တာဘမော်၊ ဆာပေါ်ထွန်း၊ သိန်းဖေမြင့်၊ သခင်ဘသောင်း၊ ဆာဒေါ်မန်စမစ်၊ နောက်ဆုံးဘုရင်ခံ ဆာဟူးဘတ်ရန်(စ်)၊ ဒန်ဘာလေ၊ ကာနယ်ရိုက်၊ အောချတ်အရေးပိုင်၊ ဦးစန်းမောင်၊ ဆရာဦးခင်မောင်လတ်၊ သခင်မြဆိုင်၊ သခင်လေးမောင်၊ ဗိုလ်သိန်းဦး၊ ရဲဘော်ဌေး၊ သခင်ခင်အောင်၊ ဒဂုန်ဦးစန်းငွေ၊ လင်းယုန်မောင်မောင်၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ စာရေးဆရာအုံ့မောင်တို့ဖြစ်လေရာ ဤဇာတ်ကောင်များနှင့်ပင် ဤသမိုင်းနောက်ခံဝတ္ထုမှာ စိတ်ဝင်စားစရာကောင်းနေပေပြီ။

ISBN9789997110534

HIS24

9 789997 110534

2,700.00KS

mgyoe.com

သဲတစ်ပွင့်အုတ်တစ်ချပ်နှင့်လွတ်လပ်ရေးရပြီ၊ ဘဝင်း
စာမျက်နှာ ၂၂၉ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇူလိုင်လ၊ နှစ်တွဲပေါင်းပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၀(သဲတစ်ပွင့်အုတ်တစ်ချပ်)နှင့် ၁၉၈၂(လွတ်လပ်ရေးရပြီ) ဗမာအမျိုးသမီးစာပေ၏ပထမအကြိမ်မူများ။

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သဲတစ်ပွင့်အုတ်တစ်ချပ်နှင့် လွတ်လပ်ရေးရပြီ

ဘဝင်း

နှစ်တွဲပေါင်း ပထမအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သဲတစ်ပွင့် အုတ်တစ်ချပ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစာ

ကျွန်တော်သည် မြန်မာ့အသံကို အမြဲတမ်း နားထောင်သူ တစ်ဦး ဖြစ်ပါသည်။ ပြည်တွင်းပြည်ပသတင်းများ၊ ဟောပြောချက်များ၊ ဘဝကြေးမုံ ဇာတ်လမ်းစုံနှင့် ဇာတ်လမ်း ပမာနားဆင်စရာများအပြင် တေးဂီတများကိုလည်း အာရုံစူးစိုက်၍ နားသောတဆင်လေ့ ရှိပါသည်။

တေးဂီတများတွင် ခေတ်ဟောင်း သီချင်းများ၊ အနှစ်နှစ်ဆယ် သီချင်းများနှင့် ယနေ့ လက်ရှိ ခေတ်သီချင်းများ ဟူ၍ သုံးပိုင်းသုံးကဏ္ဍာ တွေ့ရှိရပါသည်။ ခေတ်ဟောင်း သီချင်းများကို စွဲလမ်းနှစ်သက်ပါ၏။ အဆိုတော်များသည် ပိုင်နိုင်စွာ သီဆို၍ သီချင်း စာသားများကလည်း ကောင်းမွန်လှပါသည်၊ ပြေပြစ်ပါသည်။ တူရိယာ တီးဝိုင်းအဖွဲ့များကလည်း သူ့ခေတ်နှင့်သူ မည့်လှပေ။ သို့သော် အနှစ်နှစ်ဆယ်ကျော် သီချင်းများကိုတော့ များသောအားဖြင့် နားထောင်၍မရပါ။ အဆိုကလည်း ကိုးလိုးကန့်လန့်၊ ရေးသားထားသော စာများကလည်း ကမောက်ကမ၊ တူရိယာတီးဝိုင်း အဖွဲ့များကလည်း ကချော်ကချွတ်။ ထို့ကြောင့် ကျွန်တော်သည် ထိုသီချင်းပိုင်းများကို နားမထောင်ပါ။

ယနေ့လက်ရှိ သီချင်းများကိုတော့ ကျွန်တော် အနှစ်သက်ဆုံး ဖြစ်ပါသည်။ အဆို တော်များကရော၊ အမျိုးသားရော အမျိုးသမီးများပါ ပိုင်နိုင်လှသည်၊ ပီသလှသည်၊ ကြည်မြလှသည်၊ စာသားများကလည်း ကောင်းမွန်လှသည်။ တူရိယာတီးဝိုင်းအဖွဲ့များကလည်း ခေတ်မီလှ

mgyoe.com

သည်၊ လျှပ်စစ်ဂီတာများကိုပင် သုံးစွဲလာကြပါသည်။ ထို့ကြောင့် ကျွန်တော် အကြိုက်ဆုံး ဖြစ်၏။

ယခု ကျွန်တော် ရေးသားတင်ပြသော ဝတ္ထုမှာ ခေတ်ပေါင်း တေးတစ်ပုဒ်ပင် ဖြစ်ပါသည်။ သို့ဖြစ်ရကား ကျွန်တော်သည် ခေတ်ပေါင်း တေးတစ်ပုဒ်ကို တင်ဆက်လိုက် ပါသည်။ ဤဝတ္ထုတွင် ဇာတ်ကောင် ဇာတ်ဆောင်များမှာ တောသားများ ဖြစ်ကြသည်။ အမျိုးသမီး ဇာတ်ဆောင်ဟူ၍ကား မည်မည်ရရ မပါရှိပေ။ ယိမ်းသမများသာ ပါဝင်ကြ၏။ တောသားများမှာ မြို့နှင့်လည်း အဆက်အသွယ် ရှိကြသည်။ မြို့က ဧည့်သည်များကလည်း သူတို့ရွာသို့ ရောက်လာကြသည်။ ဤသို့ဖြင့် မြို့ဆန်နေသော ရွာသူရွာသားများ ဖြစ်ကြသည်။ အရိုက်အမောင်း အထုအတေလည်း ခံခဲ့ကြရသည်။ မြန်မာနိုင်ငံရှိ အခြားရွာများတွင် မခံခဲ့ရသော ချုပ်ချယ်မှုများကို ခံခဲ့ရသည်။ သူတို့က ပြန်ထုသည်လည်း ရှိ၏။ ဤသည်မှာ ဇာတ်လမ်း၏ အကျဉ်းချုပ်မျှသာ ဖြစ်ပါသတည်း။

ဘဝင်း

၂၅-၁၁-၇၉

mgyoe.com

mgyoe.com

ဤရွာ၏အမည်မှာ "ရွှေသန်း" ဖြစ်သည်။ ဤအမည်ကို စာရေးသူက ကဗျာဆန်ဆန် ဘောဂဗေဒဆန်ဆန် ကင်ပွန်းတပ်လိုက်ခြင်း ဖြစ်သည်။ သူ၏ အမည်ရင်းမှာ "ကိုးသန်း" ဖြစ်သည် ဟူ၍လည်း ဆိုကြ၏။ သူတို့၏ အကြောင်းပြချက်ကား ဤသို့တည်း။ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ လောက်က ပုဂံပြည်တွင် အနော်ရထာမင်းကြီး ထီးနန်းအုပ်ချုပ်၍ မင်းလုပ်ခဲ့သည်။ ထိုအချိန်က ဤရွာ၏ မြောက်ဘက် လေးငါးမိုင်ခန့်ကွာဝေးသောနေရာတွင် အိန္ဒိယပြည်မှ ကုလားကုန်သည်တစ်ယောက်သည် ရောက်ရှိလာပြီး ရောင်းဝယ်ရေးစခန်းချဖူး၏။ ထိုကုလားကုန်သည်အား ထိုစဉ် မြန်မာလူမျိုးများက "ဘသူကြွယ်"ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထိုကုလားကုန်သည်မှာ မိမိ၏ ကုန်သွယ်ရေးစခန်းကို အခိုင်အမာ ပြုလိုသဖြင့် အနော်ရထာဘုရင်ထံ တည်းခိုစခန်း နန်းဆောက်ရန် အမိန့်ကို တောင်းခံခဲ့သည်။

ထိုအခါ အနော်ရထာ ဘုရင်က ကုန်သွယ်ရေးစခန်း၏ နန်းတော်ကို တည်ဆောက်ရာ၌ နန်းတိုင်သည် ဒူးကွေးခန့်ပမာဏရှိ၍ စရွေးမှာ ခြေမလောက်သော ပမာဏရှိရမည်ဟု အမိန့်တော်မြတ် ချမှတ်ပေးလိုက်သည်။ ဤမျှ အတိုင်းအတာဖြင့်သာ ဆောက်လျှင် တဲပုတ်ငယ်ကလေးမျှသာ ရှိမည်။ ထိုကြောင့် ဘသူကြွယ်က အကြံထုတ်ရသည်။ နန်းတိုင် ဒူးကွေး ဟူသော စကားအရ ဒူးကွေး အရွယ်အစားမျှသာရှိသော နွားသားရေကလေးကို လှီးလိုက်၏။ စရွေးအတွက် ခြေမမျှ အရွယ်အစားရှိသော နွားသားရေကလေးကို လှီးလိုက်သည်။ ထိုသားရေကို တစ်ဖန်လှီး၍ မိမိလိုချင်သောပမာဏအထိ သားရေနန်းကို ဆွဲယူလိုက်သည်။ ထိုသားရေ နန်းကြိုးအတိုင်း နန်းတိုင်ကို ရှာဖွေစိုက်ထူ၍ စရွေးတိုင်များ

mgyoe.com

ကိုလည်း ထိုနည်းအတိုင်း ပြုလုပ်လိုက်သည်။ နန်းတော်ကြီးမှာ ခမ်းနားလှပသော ဧရာမ နန်းတော်ကြီး ဖြစ်သွား၏။ ဤနည်းဖြင့် သူ့အား "ကုလားညဏ်ကျယ် ဘသူကြွယ်"ဟု ထိုနယ်ရှိ မြန်မာတို့က ခေါ်စမှတ်ပြုခဲ့ကြ၏။

ဤသတင်းမှာ ပုဂံပြည်အထိ ဘုရင့် ရွှေနားတော်အရောက် ပေါက်ကြားသွားလေရာ အနော်ရထာဘုရင်သည် ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီး တပ်တောင်တာ ဗိုလ်ထုဖြင့် လူစုကာ ဘသူကြွယ်ကို ဆုံးမရန် ချီတက်လာလေသည်။ စစ်သားဦးရေ ၉ သန်း ပါသော တပ်မတော်သည် ဤရွာနေရာတွင် စခန်းချသဖြင့် "ကိုးသန်း"ဟု အမည်တွင်ခြင်း ဖြစ်လေသည်။ အနော်ရထာ စခန်းချသောတပ်တွင် စစ်သားဦးရေ ၉ သန်း ပါမပါတော့ စာရေးသူ မသိပေ။ သို့ရာတွင် ရွာ၏ အရှေ့နားတွင် ဗိုလ်များ စခန်းချခဲ့သဖြင့် ဗိုလ်ကုန်းဟု အမည်တွင်သည်။ အနောက်မြောက်နားတွင် အနော်ရထာဘုရင် စခန်းချသောနေရာဖြစ်သဖြင့် မင်းတဲဟု အမည်တွင်သော ရွာတစ်ရွာ ရှိလေသည်။ ဤသည်ကား "ကိုးသန်း" ဟူသော အမည်နှင့်ပတ်သက်၍ သုတေသနပြုချက် ဖြစ်သည်။

နောက်တစ်နည်းအားဖြင့် အရှေ့ဘက် တောင်ရိုးပေါ်မှ လှမ်းကြည့်လိုက်လျှင် အခိုးတွေ သမ်းနေသဖြင့် "ခိုးသမ်း" ဟူ၍ ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်ဟူ၍လည်း ယူဆနိုင်လေသည်။

### ရေမြေ အနေအထား

အရှေ့ဘက် တောင်ရိုးတောင်တန်းကြီးသည် တဖြည်းဖြည်း တစ်စတစ်စအားဖြင့် အနောက်ဘက်သို့ နိမ့်ဆင်းလာသည်။ အချို့နေရာများတွင် မြေပြန့်လွင်ပြင်ကလေးများ အဖြစ် တည်ရှိသည်။ တစ်ဖန် နိမ့်ဆင်းလာပြန်ရာ မြေပြန့်လွင်ပြင်ကလေးတစ်ခု တည်ရှိလာပြန်သည်။ ထိုလွင်ပြင်ကလေးများတွင် ယာတောများလုပ်၍ အသီးအနှံများ စိုက်ပျိုးကြသည်။ ရွှေသန်းရွာ တည်ရှိသောနေရာမှာ နောက်ဆုံး ကမူကလေး ဖြစ်သည်။ ထိုကမူကလေးမှ အနောက်ဘက်သို့ ဆင်းသက်သွားရာ ကုန်းမြေမြင့်ဟူ၍ မရှိတော့ပေ။ ထိုလွင်ပြင်၏ အနောက်ဘက်ဖျားတွင် ပေါက်ချောင်းဟုခေါ်သော နက်စောက်၍ ရေစီးသန်သော ချောင်းငယ်တစ်ခု ရှိလေသည်။ ထိုချောင်းမှာ မြောက်ဘက် ရေဦးနယ်အတွင်းရှိ အုတ်ဖိုတောင်ရွာအနီးမှဖြတ်၍ ချင်းတွင်းမြစ်ထဲသို့ စီးဝင်သွားလေသည်။

ရွှေသန်းရွာ၏ မြောက်ဘက် မိုင်ဝက်ခန့်အကွာတွင် သာစည်တောင်ရိုးမှ စီးဆင်းလာသော ယမားချောင်းကြီးတစ်ခုလည်း ရှိလေသည်။ ထိုချောင်းကို သာစည်ချောင်းဟု

mgyoe.com

ခေါ်ကြလေသည်။ သာစည် အရှေ့ဘက်မှ စီးဆင်းလာသောကြောင့်တည်း။ သို့ရာတွင် ခိုးသမ်းချောင်းဟုခေါ်လျှင် ပို၍ ယထာဘူတကျပေမည်။ အဘယ်ကြောင့်ဆိုသော် ခိုးသမ်းရွာ၏ အသက်သွေးကြော ဖြစ်သောကြောင့်တည်း။ ထိုချောင်းသည် အရှေ့ဘက်မှ မိုးညို့ညို့ ရှိလာပြီးနောက်မှ အတန်ကြာလျှင် သဲပြင်တွင် ဒလဟောစီးဆင်းလာ၍ ခိုးသမ်းရွာ၏ အနောက်မြောက်တွင်ကွေ့ပြီး တောင်ဘက်သို့စီးဆင်းကာ ဖြာထွက်၍ ချောင်း၏အဆုံးသို့ ရောက်ရှိသွားသောကြောင့် ဖြစ်သည်။ မြောက်ပိုင်းတွင် နုန်းနုသဲနုများတင်၍ တောင်ဘက်၌ မြေနက်ထဲသို့ ပျံ့နှံ့စီးဆင်းသွားလေသည်။ နုန်းနုသဲနုများတင်သော မြောက်ပိုင်းကို မြေဇာတောဟုခေါ်၍ ထိုမြေဇာတောတွင် ပြောင်းဖူးခင်းများ၊ ကုလားပဲခင်းများ၊ ပဲကြီး ပဲကြားခင်းများ၊ ဆေးလိပ်လိပ်ရာတွင် အသုံးပြုသော ဆေးခင်းများကို စိမ်းလန်းဝေဆာစွာ စိုက်ပျိုး၍ တောင်ပိုင်း ဟင်းငွေ့ရင်းဟုခေါ်သော မြေနက်တောတွင် ဂျုံခင်းများ၊ ကုလားပဲခင်းများ၊ ကြက်သွန်ခင်းများ စိုက်ပျိုးကြလေသည်။ ဤတောတစ်ဝိုက်မှနေ၍ အရှေ့ဘက်သို့ ရှုမျှော်ကြည့်လိုက်လျှင် တောင်ကမူထက်တွင် တည်ရှိသော ခိုးသမ်းရွာ၏ ရွာဦးကျောင်းတွင် တည်ထားကိုးကွယ်သည့် ကြည်ညိုဖွယ်ရာ သပ္ပာယ်လှသော အုတ်ပြာသာဒ်ကြီးကို ဖူးမြော်ရလေသည်။ ထုပိကာမှန်ကင်းမှ မှန်ရောင်များ တဝင်းဝင်းဖြင့် ပြုံးရွှင်စွာ စံပယ်တော်မူလေသည်။ ဤရွာသူရွာသားတို့၏ဘဝမှာ ဤရေ၊ ဤမြေ စိုပြည်သော ဤအနေအထားကြောင့် ဆင်းရဲခြင်းမရှိနိုင်ဟု ဗျာဒိတ်ပေးဟန် ရှိလေသည်။

### ညီညွတ်သော ရွာကြီး

ဤရွာကြီးမှာ လွန်စွာပင် စည်းလုံးညီညွတ်သော ရွာကြီးတစ်ရွာ ဖြစ်ခဲ့သည်။ ဤရွာကြီး၏ ညီညွတ်မှုကို ရွာနီးချင်းရွာများကပင် ထိတ်လန့်ကြောက်ရွံ့ကြသည်။ ရွာသားများမှာ သတ္တိရှိရာတွင်သာ ညီညွတ်ရုံမကသေးပေ၊ အကြောင်းကိစ္စရှိ၍ ရုံးနှင့်ဂါတ်နှင့် ရင်ဆိုင်ရသော အချိန်တွင်လည်း ညီညွတ်စွာ ငွေကြေးများကို သူ့ထက်ငါ အသာမခံဘဲ ရက်ရက်ရောရော ထည့်ဝင်ကြလေသည်။

တစ်ခါက မုံရွာမြို့မှ လယ်တီဆရာတော်ဘုရားသည် ဤရွာသို့ ကြွရောက်တော်မူလာသည်။ ဆရာတော်၏ တပည့်ရင်းဖြစ်သူ ဦးဝိစိတ္တကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည်။ ဤရွာ၏ အရှေ့ဘက်တွင် တည်ရှိသော ကန်ပြားရွာမှ ဒါယကာ၊ ဒါယိကာမများက သူတို့ရွာသို့ ကြွရောက်၍ တရားချီးမြှင့်ပါရန် ပင့်ဖိတ်လေသည်။ ပင့်ဖိတ်သည့်အတိုင်း လယ်တီဆရာတော်ဘုရားသည် ထိုရွာသို့ကြွ၍ တရားဒေသနာများကို ဟောကြားတော်မူသည်။

mgyoe.com

ဆရာတော် ဤရွာကြီးမှ ပြန်အကြွတွင် တရားနာရသဖြင့် လွန်စွာကြည်ညိုကြသော ရွာသူရွာသားများက ဆရာတော်ကြီးကို ပြန်ပို့ရန် အထူးအစီအစဉ်တစ်ရပ်ကို ပြုလုပ်ကြသည်။ ပြုလုပ်ပုံကား– ဤသို့–နွားလှည်းနှစ်စီးကို ဘီးများချွတ်၍ ဝင်ရိုးလေးခုတပ်ထားသော ယာဉ်တွင် ဘီးများကို တပ်ဆင်လိုက်၏။ လှည်းကို ရှေ့မှ ဖျင်အုပ်များ ပိတ်အုပ်များကို ဖြန့်၍ ကြိုးအဖြစ် တပ်ဆင်လိုက်သည်။ ထိုကြိုးများကို ကြည်ညိုသူ ဒါယကာများက ဆွဲယူကြသည်။ ဤနည်းအားဖြင့် ဆရာတော်လည်း လူများဆွဲသော ယာဉ်ပေါ်တွင် တငြိမ့်ငြိမ့် ပါလာ၏။

ကျောက်ပြုတ်ကန်နှင့် ဗိုလ်ကုန်းကန် နှစ်ကန်အကြားတွင် ခိုးသမ်းသားများက မိမိတို့၏နယ်အတွင်းတွင် ရောက်ပြီဖြစ်၍ လှည်းကိုအပ်ရန် တောင်းဆိုကြ၏။ ဆွဲလာသော ကန်ပြားရွာသားများကလည်း လှည်းကိုမပေးနိုင်၊ မိမိတို့အနေနှင့် ကျောင်းရောက်အောင် ဆွဲပို့မည်ဟု ငြင်းဆန်ကြ၏။ ဤနည်းအားဖြင့် လှည်းလုရင်း ရိုက်ကြပုတ်ကြရာ ကန်ပြားရွာသားတွေ ဒဏ်ရာအနာတရရပြီး ထွက်ပြေးကြလေသည်။ ထိုကိစ္စအတွက် အမှုဆိုင်ရန် ခိုးသမ်းရွာသားများက ငွေစုကြသည်။ ငွေကြေး အမြောက်အမြားရသဖြင့် ဗြိတိသျှ ကိုလိုနီဖြစ်ခဲ့သော ထိုခေတ်တွင် အမှုမှာ ပပျောက်သွားလေသည်။ ဤကိစ္စနှင့် ပတ်သက်၍ မောင်းထောင်ရွာမှ သံချိုဆရာကြီး ဦးကျော်လှသည် သံချိုတစ်ပုဒ်ရေး၍ ခိုးသမ်းရွာကို ပြစ်တင်ရှုတ်ချခဲ့သည်။ သူ၏သံချိုကို အောက်ပါအတိုင်း အဆုံးသတ်ထား၏။

"လယ်တီဆရာ ဘယ်ဆီမှာ ပုန်းရှာလိမ့်၊ ဗိုလ်ကုန်းဆိုတဲ့ ကျောက်မှာလ၊ ဟို အနောက်ရွာ ကြောက်စရာငနဲတွေက မောဂ္ဂလာန်အသွင်၊ နောက်ဆံနားထင်က ခွဲမလိုပ့်၊ ခဲတုတ်နှင့်ဝိုင်း"

ရှင်မောဂ္ဂလာန်ကို ခိုးသားငါးရာက ရိုက်နှက်သလို ခိုးသမ်းရွာသားများက ကန်ပြားရွာသားများကို ခဲတုတ်နှင့် ဝိုင်းထုသည်၊ ဝိုင်းရိုက်သည်ဟု သူက ဆိုလိုပေသည်။

## ရိုးရာသူကြီးမှ မဲခွဲသူကြီးသို့

ဤရွာတွင် ရွာ၏အကြီးအကဲလုပ်၍ အုပ်ချုပ်သူများအနေနှင့် ရိုးရာအစဉ်အလာဖြစ်ခဲ့သည်မှာ သူကြီး ဦးကျောက်လုံးတိုင်အောင် ဖြစ်၏။ နောက်ဆုံး ရိုးရာသူကြီး ဦးကျောက်လုံးမှာ လွန်စွာ သဘောထား တည်ကြည်သည်၊ ခန့်ညားသည်၊ အဂတိတရားလေးပါးကို မလိုက်စားသဖြင့် ရွာသူရွာသားများက ကြည်ညိုလေးစားကြသည်။ ရပ်ရွာမှ တောင်သူကြီးများ ရက်ကန်းထောင်များကဲ့သို့ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်း မရှိခဲ့ပေ။

mgyoe.com

သာမန် ရွာသားတစ်ဦးကဲ့သို့ပင် ရိုးရိုးကုပ်ကုပ်သာ နေထိုင်ခဲ့ရှာသည်။ ဦးရွှေရှန်နှင့် ဦးနီကြီးတို့က ရပ်ရွာတွင် အမှုကိစ္စများပေါ်လာသောအခါ သူတို့က ခုံသမာဓိလူကြီးများ လုပ်၍ တရားမျှတစွာ စစ်ဆေးပြီး ဖျန်ဖြေပေးခဲ့လေသည်။ ဒါကိုလည်း သူကြီး ဦးကျောက်လုံး က သူလုပ်မယ့်အလုပ်ကို ဝင်ရှုပ်ရမလားဟု ဗွေယူခြင်း မရှိခဲ့ပေ။ ဗွေမယူရုံမက မိမိ၏ အလုပ်ကိုပင် ကူညီလုပ်ကိုင်ပေးသည်ဟု ကျေးဇူးပင်တင်လိုက်သေး၏။ ဤမျှအထိပင် ဤရွာမှာ ညီညွတ်စည်းလုံးမှု ရှိခဲ့ပေသည်။ ရိုးရာဆိုသည်မှာ ဖခင်သူကြီး ကွယ်လွန်လျှင် သားက ဆက်ခံရစမြဲ ဖြစ်သည်။ သမက်ကလည်း ဆက်ခံရတတ်၏။ ထို့ကြောင့် သူကြီးနှင့် ရွာသားအဆင်မပြေမှုမှာ မရှိသလောက်ပင် ရှားပါးခဲ့၏။

ရိုးရာသူကြီး ဦးကျောက်လုံး ကွယ်လွန်ချိန်တွင် သူ့မြေးဖြစ်သူ ကိုဒေါင်းစိန်က ဆက်ခံရမည်ဖြစ်သော်လည်း ဗြိတိသျှကိုလိုနီအစိုးရက ထိုစနစ်ကို လက်ခံခြင်း မပြုတော့ပေ။ မဲဆန္ဒဖြင့် သူကြီး ရွေးကောက်တင်မြှောက်ရမည်ဟု အမိန့်ကျလာသည်။

ဤသို့အားဖြင့် ထိုရွာတွင် သူကြီးလောင်းလေးဦး ပေါ်ထွက်လာသည်။ ၎င်းတို့တွင် ရိုးရာအရဆိုလျှင် ဆက်ခံရမည်ဖြစ်သော (၁) ကိုဒေါင်းစိန်၊ (၂) ကိုပေါ၊ (၃) ကိုဘမောင်၊ (၄) ကိုဘဖေတို့ ဖြစ်ကြသည်။

သူကြီးလောင်းများက ကျေးရွာတွင် မဲဆွယ်ကြ၏။ မဲဆန္ဒရှင်များကလည်း ဘယ်သူ က ကောင်း၊ ဘယ်သူက မကောင်းဟု ဝေဖန်လာကြသည်။ အရွေးခံမည့်သူများသာမက မဲဆန္ဒရှင်တို့၏အတွင်းမှာပါ ပဋိပက္ခ ဖြစ်လာသည်။ ရာစုနှစ်များနှင့်ချီ၍ ခိုင်မာလာသော ညီညွတ်မှုမှာ ပျက်ပြားလာသည်။ ဝါးအစည်းပြေသကဲ့သို့ ပြေလာသည်။

ရွေးကောက်ပွဲတွင် မုံရွာမြို့မှ အင်္ဂလိပ်လူမျိုး မြို့အုပ်တစ်ဦးသည် နောက်ပါ စာရေး သုံးလေးယောက်နှင့် ခိုးသမ်းရွာသို့ ရောက်ရှိလာသည်။ ပထမသူကြီးလောင်း သုံးဦးက အင်္ဂလိပ်ကျောင်းထွက်များနှင့် မြေတိုင်းစာရေးလူထွက်များ ဖြစ်ကြ၏။ သို့ဖြင့် သူတို့သည် တောသားလူလည်များ ဖြစ်ကြသည်။ စတုတ္ထလူမှာ ဘုန်းကြီးကျောင်းထွက် ဖြစ်၏။ သူ ကိုးကွယ်သော ကျောင်းက ဒါယကာ၊ ဒါယိကာမများ၏ ဝိုင်းဝန်းအားပေးမှုကြောင့် ၎င်းစတုတ္ထလူသည် သူကြီးအဖြစ်သို့ ရောက်ရှိသွားလေသည်။ ရိုးရာစနစ်အရဆိုလျှင် သူသာလျှင် ဆက်ဆံရမည်ဖြစ်သော ဝက်စလီယန်ကျောင်းထွက် ကိုဒေါင်းစိန်မှာ သူကြီး ရွေးကောက်ပွဲတွင် ရှုံးနိမ့်ပြီးနောက် လူထဲသူထဲ မထွက်ရဲတော့ပေ။ အရှက်ရနေ၏။ ရှေး ခေတ် ခုနစ်တန်းအောင်သည်အထိ ပညာသင်ခဲ့သော တတိယ ကိုဘမောင်သည်လည်း ထိုနည်းနှင်နှင်ပင် အရှက်ရနေ၏။ သူ့အား မဲဆန္ဒပေးသူများနှင့် မပေးသူများကို ချင့်ချိန်၍ စဉ်းစားနေမိ၏။

mgyoe.com

 ngyoe.com 

ဤရွာသည် သူတို့အတွက် မသာယာတော့ပေ။ ကိုဒေါင်းစိန်သည် လည်းကောင်း၊ ကိုဘမောင်သည်လည်းကောင်း သားပစ် မယားပစ်၍ အရပ်တစ်ပါးသို့ လွင့်ပါးသွားကြလေ၏။ တရားခံလက်သည်မှာ ဗြိတိသျှကိုလိုနီစနစ် ဖြစ်လေသည်။ ရွာ၏ ညီညွတ်မှုကို ၎င်းကပင် ဖျက်ဆီးပစ်လိုက်၏။ ကိုပေါနှင့် သူကြီးဖြစ်သွားသော ကိုဘဖေတို့နှစ်ယောက်သာလျှင် ကျေးရွာ၌ ကျန်ရှိတော့၏။ ပဒေသရာဇ် လူနေမှုစနစ်ရှိနေသော ကျေးရွာတွင် ဗြိတိသျှကိုလိုနီဝါဒီများက မဲစနစ်ဖြင့် အုပ်ချုပ်လိုက်ခြင်းသည် စတုဂံကွက်ထဲ၌ တြိဂံကို ချလိုက်သလို ဖြစ်သွားသည်။ ဤနည်းအားဖြင့် ကျေးရွာ၏ တန်ဖိုးရှိလှသော ညီညွတ်ရေးသည် ပျက်ပြားသွားရလေသည်။ ပြေးသူကပြေး၍ မှိုင်ကျန်ရစ်သူက ကျန်ရစ်ခဲ့ပြီးလျှင် အာဃာတရသူက မာနတံခွန် လွင့်ထူလာခဲ့လေသည်။ သူ့အား မဲမပေးသူများကို ပထမ ရန်လိုလာ၍ သူ့အား မဲပေးသူများကိုလည်း ဂရုမစိုက်တော့ပေ။ သူ့ကို ခန့်စာပေးလိုက်သော အင်္ဂလိပ်လူမျိုး မြို့အုပ်မင်းသည်သာလျှင် အရှင်သခင်ဟူ၍ ယူဆလာလေသည်။ သူ့အား မဲပေးခြင်းမပြုသော ဘုန်းကြီးကျောင်းက ဘုရားပွဲတွင် ပွဲမိန့်အတွက် ငွေငါးကျပ်ပေးရသလို သူ့အား မဲပေးသော ဘုန်းကြီးကျောင်းမှ ဘုရားပွဲတွင်လည်း ပွဲမိန့်အတွက်ပင် ထပ်တူထပ်မျှ ငွေငါးကျပ် ပေးရလေသည်။

နောက်ပြီး အထည်ရက်လုပ်သော ရက်ကန်းထောင်ကြီးအဖြစ် စီးပွားရှာလာပြန်သည်။ တိုက်တည်လာရ၏။ ကစားဝိုင်းထောင်သူများထံမှလည်း ပိုက်ဆံရရှိ၏။ အရက်ချက်သူများထံမှလည်း ထိုနည်းလည်းကောင်း၊ နွားသား အမဲသားရောင်းသူများ ရွာထဲဝင်လာလျှင် သူကြီးကတော်က အမဲသားကို အကောက်အဖြစ် တောင်းယူ၏။ ကပ်စေးလည်း အလွန်နည်းလှ၏။ ဘုရားပွဲဖြစ်လျှင် ပိုက်ဆံချမ်းသာသူများက အသီးသီး တစ်ဦးစီတစ်ဦးစီ တာဝန်ယူ၍ သံဃာတစ်ရာလောက်ကို ဆွမ်းကျွေးရ၏။ သူက တစ်ခါမျှ ဆွမ်းမကျွေးဖူးသဖြင့် သူ့ဖခင်၏ အပြစ်တင်ခြင်းကိုပင် ခံရ၏။ "မင်းက အဟောင်းစား နေတာပါကွာ" ဟူသတည်း။ အသစ်ဒါနပြုခြင်းမရှိ၊ အတိတ်က ဒါနကံကို အမှီပြု၍ ချမ်းသာနေခြင်းဟု ဆိုလိုရင်းဖြစ်ပေသည်။

သားပစ် မယားပစ် ထွက်ခွာမသွားသော သူကြီးအဖြစ် အရွေးမခံရသူ ကျန်တစ်ဦး ကိုပေါမှာလည်း ရွာတွင် အလှူပွဲတစ်ခုမှ ညပွဲကနေစဉ် အိမ်ဝင်းထဲ၌ အိပ်ပျော်နေ၏။ သူသည်လည်း အိပ်ပျော်နေစဉ် အရိုက်ခံရသဖြင့် ဆေးရုံတက်၍ ကုသလေရာ ဒဏ်ရာ ပျောက်သော်လည်း ထိုဒဏ်ရာမှာ မျက်လုံးနားတွင်ဖြစ်သဖြင့် မျက်စိနှစ်ဖက်ကို ထိခိုက်၍ စုံလုံးကန်းလေ၏။ ဤဒုက္ခများအတွက် မည်သူမျှ တရားခံ မဟုတ်ပေ။ တရားခံအစစ်မှာ

mgyoe.com

ဗြိတိသျှကိုလိုနီဝါဒတို့၏ အတုအယောင် ဒီမိုကရေစီဖြစ်သော မဲခွဲမှုကို ယင်းတို့က ရွာတွင်းသို့ အရောက်တင်သွင်းလိုက်ခြင်းကြောင့် ဖြစ်ပေသည်။

**ကြက်တူရွေး**

ဤရွာတွင် ခပ်မိုက်မိုက် ခပ်ကြမ်းကြမ်း လူရမ်းကားလေးတစ်ယောက် ရှိသည်။ သူ၏အမည်မှာ မောင်ကောင်းရှိန် ဖြစ်၏။ သို့ရာတွင် သူ၏ နှုတ်သီးလေးမှာ ကြက်တူရွေးကဲ့သို့ ချွန်ထွက်နေသဖြင့် သူ့ကို အများကပင် "ကြက်တူရွေး"ဟူ၍ ခေါ်ဝေါ်သမုတ်ကြလေသည်။ ကြက်တူရွေးသည် မိခင် မုဆိုးမကြီးတစ်ယောက်၏ သားတစ်ယောက် ဖြစ်သည်။ လောကဓာတ်ကျောင်းတွင် မနေခဲ့ဖူးပေ။ ဘုန်းကြီးကျောင်းတွင်သာ ဖြစ်ကတတ်ဆန်း နေခဲ့ရဖူးသည်။ ဟုတ်တိပတ်တိ စာမသင်ခဲ့ရဖူးပေ။

သူ၏မိခင်မှာ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်မတစ်ဦး ဖြစ်လေသည်။ မိခင် ရောင်းရန်အတွက် မုံရွာသို့ နှစ်ရက်ခြား သုံးရက်ခြားသွား၍ ဈေးဝယ်ပေးရသည်။ ခြောက်မိုင် ခုနစ်မိုင်ဝေးသော မုံရွာမြို့သို့ လှည်းစီး၍ မသွားနိုင်ပေ။ လှည်းသမား မောင်ဒင်နှင့် အပေါင်းအသင်းဖြစ်အောင် မိတ်ဖွဲ့၍ မုံရွာမှအပြန် ဝယ်ယူလာသော ပစ္စည်းထုပ်ကလေးကို သူ့လှည်းပေါ် တင်ရသည်။ ကိုယ်တိုင်ကမူ လှည်းနောက်မှ ခြေကျင်လျှောက်၍ ပြန်ခဲ့ရသည်။

သူသည် ဆင်းရဲသားဖြစ်သည့်အပြင် အရက်ကိုလည်း တစ်ပဲဖိုး ခြောက်ပြားဖိုး သောက်တတ်သဖြင့် ရွာသူရွာသား လူကုံထံ သားသမီးများက အပေါင်းအသင်း မလုပ်ကြပေ။ ဤနည်းအားဖြင့် "သမဏောန သမဏော၊ ဂေါဏောန ဂေါဏော"ဟူသော စကားအရ မိမိ၏ နီးစပ်ရာ ဆင်းရဲသားတို့သား အရက်သမားတို့နှင့်သာ အပေါင်းအသင်း ဖြစ်နေရပေ၏။ အထက်တန်းလွှာတို့၏ သားများက သူ့အား ဝိုင်းပယ်သလို သူကလည်း ၎င်းတို့ကို မျက်စိစပါးမွေး စူးနေ၏။

ရွာတွင် ဆိုင်းပွဲ၊ ဇာတ်ပွဲရှိလျှင် ရိုက်လိုက်သည်ဟေ့ဆိုလျှင် ကြက်တူရွေးသာလျှင် အဖြစ်များတော့၏။ အထက်တန်းစားတို့ သားများ စုဝေးရာ အပျိုကြီးအိမ်တစ်အိမ်တွင် စက္ကူထဲတွင် နောက်ဖေးပါ၍ ထုပ်ပြီး အပြင်မှနေ၍ ထိုဝိုင်းထဲသို့ ပစ်ချလိုက်၏။ လာပြန်ပြီ ကြက်တူရွေး။

ဤသို့ဖြင့် ရပ်ရွာက ကြက်တူရွေးဆိုလျှင် မုန်းကြသည်၊ စက်ဆုပ်ရွံရှာကြသည်၊ အော့နှလုံး နာကြသည်။ ဘုရား ဒါယကာကြီးတစ်ယောက် ဘုရားမှ ဝတ်တက်ပြန်အလာ ခေါင်းကွမ်းစားသွား၏။ ထိုရိုက်သူမှာလည်း ကြက်တူရွေးပင်။

mgyoe.com

သို့ရာတွင် ဤကြက်တူရွေးကို ကြိုက်နှစ်သက်သူ ရှိသေး၏။ ထိုသူကား အခြား မဟုတ်၊ သူကြီးသစ်ဖြစ်လာသူ ကိုဘဖေပင် ဖြစ်ပေသည်။

"ကြက်တူရွေး...လာလကွာ၊ အိမ်ထဲဝင်ပါဦး"

"ဟုတ်ကဲ့...သူကြီးမင်း၊ အကြောင်းထူး ကိစ္စများ ရှိသလား"

"အေးကွ...ရှိတယ်၊ လိုရမည်ရ ဟိုဟာလေး ဒီဟာလေး ခိုင်းချင်လို့ပဲ"

"ဟုတ်ကဲ့...အလိုရှိသလို ခိုင်းနိုင်ပါတယ်"

"ရွာထဲမှာ ကစားဝိုင်းတွေ ရှိတယ်ကွ၊ အဲဒါတွေ လိုက်ပြီး ပိုက်ဆံတောင်း၊ နောက်ပြီး အရက်ဖိုတွေမှာလည်း ပိုက်ဆံတောင်း၊ မင်းသောက်ဖို့လည်း အရက်တောင်းခဲ့ပေါ့ကွာ။ ဒီလိုဆိုရင် မင်းအရက်ဖိုး မကုန်တော့ဘူးပေါ့"

"ဟုတ်ကဲ့...သူကြီးမင်း၊ ကျွန်တော် လုပ်ပါ့မယ်"

ဤနည်းဖြင့် ကြက်တူရွေးမှာ သူကြီးမင်း၏ လက်ပါးစေဘဝသို့ ရောက်ရှိသွားလေသည်။ တစ်ခါကမူ အိမ်တစ်အိမ်တွင် လေးကောင်ဂျင်ဝိုင်းရှိရာ ချက်ချင်း ပိုက်ဆံတောင်းမရသဖြင့် ပါးစပ်မှ အရက်နံ့ကလေး သင်းနေသော ကြက်တူရွေးက လေးကောင်ဂျင်ဝိုင်းထဲသို့ ခုန်ဆင်းလိုက်လေသည်။ သူ့ကိုလည်း အန်မတုရဲ၊ ထိုမှတစ်ပါး ယခုအချိန်တွင် ကြက်တူရွေးသည် သူကြီး၏ လက်ပါးစေဖြစ်နေမှကိုး။ ရွာ၏ခေါင်းရင်းရှိ အာရုံခံတန်ဆောင်းထဲမှ ခင်းထားသော ကြိမ်ဖျာများကို သူခိုးခိုးသွားပြန်ပြီတဲ့။ ထိုမှာလည်းပဲ ကြက်တူရွေး၊ သူ့ကို ဘယ်သူက အရေးယူမှာလဲ။

**အသင်းနှစ်သင်း**

ဤရွာတွင် သူကြီးရွေးကောက်ပွဲ ပြီးကတည်းက ရွာသူရွာသားများမှာ စည်းလုံးညီညွတ်မှု မရှိတော့ဘဲ ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲ ကစင့်ကလျား ဖြစ်ချင်နေသလို ဖြစ်နေခဲ့သည်။ မည်သူမျှ ပြန်လည်ညီညွတ်ဖို့ ဆောင်ရွက်နိုင်ခြင်း မရှိတော့ပေ။ ရွာ၏ အရှေ့ပိုင်းတွင် လူငယ်တစ်ဦးဖြစ်သူ မောင်အောင်က အပေါင်းအဖော်များနှင့် တိုင်ပင်ကာ ဝေယျာဝစ္စအသင်းကို တည်ထောင် ဖွဲ့စည်းလိုက်သည်။ သာမှုနာမှုရှိသောအခါ ဤအသင်းက ဝိုင်းဝန်း၍ ကူညီရန်ဖြစ်၏။ ငွေကြေးစုဆောင်း၍ ပန်းကန်ခွက်ယောက်များကိုလည်း ဝယ်ယူထား၏။ ပုဆိုး အင်္ကျီများကို ဆင်တူဝတ်ဆင်ကြလေသည်။ ဥက္ကဋ္ဌလုပ်သူမှာ မောင်အောင် ဖြစ်၏။ သူတို့အသင်းသည် ညီညွတ်စွာဖြင့် တက်တက်ကြွကြွ ရှိကြသည်။ ဒါကိုလည်း ရွာ၏ အနောက်ပိုင်းက အားကျသွားသည်။

mgyoe.com

"ငါတို့လည်း ဝေယျာဝစ္စ အသင်းတစ်ခု ဖွဲ့စည်းတည်ထောင်ကြရအောင်" ဟု မောင်ဘကြည်က သူနှင့်နီးစပ်ရာ မိတ်ဆွေအပေါင်းအသင်းများကို လှုံ့ဆော်လိုက်၏။ ဤသို့ဖြင့် သူတို့လည်း ဝေယျာဝစ္စ အသင်းတစ်ခုကို တည်ထောင်ဖွဲ့စည်းကြရာ ဤရွာကြီးတွင် ဝေယျာဝစ္စအသင်း နှစ်ခု ဖြစ်သွားသည်။ သူတို့သည်လည်း အရှေ့ပိုင်း ဝေယျာဝစ္စ အသင်းကဲ့သို့ပင် ငွေကြေးစုဆောင်း၍ ဝယ်ကြခြမ်းကြသည်။ ပုဆိုး အင်္ကျီဆင်တူ ဝတ်ကြသည်။ မှတ်ပုံတင်စရာမလိုသဖြင့် သူကြီးကို မည်သူကမျှ တိုင်ကြားခြင်း မပြုကြပေ။ စုရုံးစုရုံးနှင့် ကလေးတွေမှာ သူကြီး၏မျက်စိတွင် ကလန့်ကျလာလေသည်။ ဟိုအလှူပွဲတွင်လည်း သူတို့၊ ဒီအလှူပွဲတွင်လည်း သူတို့၊ တစ်နေ့ကျတော့ သူ၏ အာဏာကို ကန့်လန့်တိုက်လာမည့်အရေးကို စိုးရိမ်လာသည်။ ဤအထဲတွင် ဝေယျာဝစ္စအသင်း နှစ်ခုမှ လူငယ်အချင်းချင်းလည်း ပြိုင်ဆိုင်လာကြသည်။ ငါတို့အသင်းက မင်းတို့အသင်းထက် သာသည် ဟူသော ကိစ္စမျိုး၊ နှစ်သင်းစလုံးမှ ခေါင်းဆောင်များသည်လည်း အထက်လွှာ၏ သားများဖြစ်ကြသည်။ သူကြီးမင်းသည် အသင်းနှစ်သင်းမှ ခေါင်းဆောင်နှစ်ဦးကို ဆင့်ခေါ်လိုက်သည်။

"သူကြီးမင်း ဘာကိစ္စလဲဗျာ"

ခေါင်းဆောင်နှစ်ယောက်စလုံးက မေးမြန်းလိုက်ကြသည်။

"မင်းတို့ နှစ်သင်းက ရွာမှာ ခိုက်ရန်ဖြစ်ပွားဖို့ အခြေအနေ ရှိနေတယ်"

"ခိုက်ရန်ဖြစ်ပွားရန် အကြောင်းမရှိပါ၊ သာမှု နာမှုအတွက် ကူညီလုပ်ဆောင်ရန် ဖွဲ့စည်းထားတဲ့ အသင်းတွေပဲ"

"ခိုက်ရန်ဖြစ်ပွားရင် မင်းတို့ တာဝန်ယူနိုင်ပါ့မလား"

"ယူနိုင်ပါတယ် သူကြီးမင်း"

"ခိုက်ရန်ဖြစ်ပွားရင် မင်းတို့ တရားခံအဖြစ် ဖမ်းခံရမယ်လေ"

"ဒါကတော့ ခက်သားပဲ" တစ်ဦးက ဖြေ၏။

"ကျွန်တော်တော့ တာဝန် မယူနိုင်ဘူး"

"ဒါဖြင့် မင်းတို့အသင်းတွေ ဖျက်သိမ်းပစ်လိုက်ကြ"

ဤသို့ဖြင့် ခေါင်းဆောင်နှစ်ဦးလုံးမှာ "ဟုတ်ကဲ့...ဖျက်သိမ်းပစ်လိုက်ပါမယ် ခင်ဗျာ" ဟု ခေါင်းညိတ်၍ ပြန်လာကြသည်။ အသင်းနှစ်သင်းစလုံးလည်း ပျက်စီးသွားတော့သည်။ ရွာသူရွာသားများက စိတ်ပျက်ကြသည်၊ အပြစ်တင်ကြသည်။ အပြစ်တင်ခံရသူမှာ သူကြီးတစ်ဦးတည်း မဟုတ်၊ ခေါင်းဆောင်နှစ်ဦးလည်း ပါဝင်လေသည်။ ထို့နောက် ရပ်ရွာ၏

သာရေးနာရေး ကိစ္စမှာ အိမ်နီးနားချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်သာ ပြီးစီးကြရလေ တော့သည်။

**ဒေါင်းစကြာ စာဖတ်အသင်း**

ဤရွာသား ဦးဝိဇယသည် မုံရွာမြို့ လယ်တီတိုက်မှ စာသင်ပြီး မိမိရပ်ရွာသို့ ပြန်လည် ရောက်ရှိလာလေသည်။ သူ၏ဆရာတော် ပျံလွန်တော်မူသဖြင့် ကျောင်းကို ဆက်ခံရန် ပြန်လည်လာရခြင်း ဖြစ်သည်။ အသက်ကတော့ ၂၃ နှစ်၊ သိက္ခာတော် သုံးဝါမျှ သာ ရသေး၏။ သူသည် ငယ်စဉ်က မုံရွာမြို့ အင်္ဂလိပ်ကျောင်းတွင် နေဖူးသဖြင့် အင်္ဂလိပ်စာ လည်း အနည်းငယ်တတ်သည်။ လယ်တီတိုက်တွင်လည်း ပါဠိစာပေများကို ပထမလယ်တီ ဆရာတော်ကြီး၏ သင်ရိုးအတိုင်း သင်ကြားခဲ့သဖြင့် ပါဠိစာပေတတ်သော ဦးပဥ္စင်း တစ်ပါး ဖြစ်လေသည်။ ဦးဝိဇယသည် စာဖတ်လည်း အလွန်သန်သူ ဖြစ်သည်။

မုံရွာတွင် စာသင်နေချိန်၌ အခါအခွင့်သင့်တိုင်း စာဖတ်သင်းများကို လှည့်လည်၍ ဖတ်ရှုလေ့ရှိသည်။ ရွာသို့ ပြန်ရောက်သောအခါ စာဖတ်ဝါသနာပါသူများနှင့် တရင်းတနှီး ဖြစ်လာလေသည်။ ထိုပရိသတ်ထဲတွင် ကြက်တူရွေးခေါ် မောင်ကောင်းရှိန်လည်း ပါလေ သည်။ မိမိမှာ ဤရွာတွင် စာဖတ်သင်းတည်ထောင်လိုသည်ဟု ပြောကြားသောအခါ လူငယ်အတော်များများက လိုက်လုံစွာ ထောက်ခံလာကြ၏။ ထောက်ခံကြမည်မှာ မုချ။ ထိုအချိန်တွင် ဥရောပတိုက်၌ စစ်ဖြစ်နေပြီး အာရှတိုက်တွင်လည်း တရုတ်–ဂျပန်စစ်ပွဲ ဖြစ်ပွားနေသည်။ ကြက်တူရွေးလည်း စာဖတ်သင်း တည်ထောင်ရေးအတွက် ထောက်ခံသူ များတွင် တစ်ဦးအပါအဝင် ဖြစ်လေသည်။

ထိုစာဖတ်သင်း တည်ထောင်ရာတွင် ဦးစိုးချစ်၊ ဦးဉာဏိက၊ ဦးသီ၊ မောင်ကောင်းရှိန် တို့က အမှုဆောင်လူကြီးများ ဖြစ်သည်။ ရွာထဲတွင် ပိုက်ဆံလိုက်ခွဲကြသည်၊ ငွေ တစ်ဆယ် လောက် ရရှိလာကြသည်။ ထိုအချိန်က ငွေတစ်ဆယ်သည် အတော်များ၏။ သတင်းစာ တစ်စောင်ကို လပေးကြည့်ပါက တစ်လလျှင် နှစ်ကျပ်မျှသာ ပေးရ၏။ သတင်းစာလည်း ဝယ်သည်၊ စာအုပ်တွေလည်း ဝယ်သည်။ ဦးဝိဇယ၏ အဆိုတင်သွင်းချက်အရ စာဖတ် သင်းကို “ဒေါင်းစကြာ” စာဖတ်သင်းဟု အမည်ပေးလိုက်သည်။ ဇရပ် တစ်ခုပေါ်တွင် စာဖတ်သင်းကို ဖွင့်လှစ်လိုက်သည်။ ထိုင်ခုံတော့မရှိပေ။ လူများထိုင်ရန် ကြိမ်ဖျာကြီးကို ခင်းပေးထားသည်။ သတင်းစာကို ဦးအောင်ညွှန့်တို့မိသားစု ပိုင်ဆိုင်သော ဘတ်(စ်)ကား ဖြင့် မှာယူရသည်။ စာဖတ်သင်းတွင် သတင်းစာရောက်ချိန် ညနေပိုင်း၌ လူစည်ကားလှ ၏။

mgyoe.com

ဂျာမနီ အာဏာရှင်ဟစ်တလာက ဘယ်လ်ဂျီယန်၊ ဟော်လန်၊ ဒိန်းမတ်တို့ကို သိမ်းပြီး ပြင်သစ်ပြည်ကို ပြင်းထန်စွာ တိုက်ခိုက်နေ၏။ အင်္ဂလန်ကျွန်းကိုလည်း တဝုန်းဝုန်းနှင့် ဗုံးကြဲနေသည်။ ဥရောပအရှေ့ပိုင်း နိုင်ငံအချို့ကို သိမ်းပိုက်ပြီး အရှေ့တောင်ပိုင်း ဗော်လကန် နိုင်ငံများကိုလည်း ချီတက်တိုက်ခိုက်နေသည်။ လစ်တူနီးယား၊ လပ်ဗီးယား၊ အယ်စတိုနီးယားတို့မှာလည်း သူ၏ စစ်တပ်လက်အောက်သို့ ကျရောက်ခဲ့လေသည်။ အချို့သတင်းစာများကလည်း အင်္ဂလိပ်ဆန့်ကျင်ရေး မျိုးချစ်စိတ် ခပ်ဆန်ဆန်ဖြင့် ဟစ်တလာကို ချီးကျူးနေကြသည်။

"အိုဒက်ဆာလည်း ပြိုပျက်ရာလေပြီ"

"ကိဗ်လည်း မချိတရိ ခံခဲ့ရသေးပြီ"

"လီနင်ဂရက်လည်း အစီအစဉ်ပျက်ခဲ့လေပြီ"

"မော်စကိုလည်း တော်သလိုနှင့် ပြီးရချေတော့မည်"

စသည်ဖြင့် ဝမ်းပန်းတသာ ဖော်ပြခဲ့ကြလေသည်။

တရုတ်ပြည်ကို တိုက်ခိုက်နေသော ဂျပန်ကလည်း အာရှတိုက်တွင် ခြိမ်းခြောက်နေသည်။ ဤအခြေအနေမျိုးတွင် မည်သူသည် သတင်းစာဖတ်ရန် စိတ်မဝင်စားဘဲ နေချိမ့်မည်နည်း။ ဦးဝိဇယကလည်း အောက်စဖို့တ်ထုတ် အက်တလပ်(စ်)ခေါ် မြေပုံစာအုပ်ကြီးကိုလည်း ဝယ်ယူထားသေး၏။ ဤသို့ဖြင့် သတင်းစာဖတ် ပရိသတ်တို့မှာ သတင်းစာဖတ်ပြီးတိုင်း မြေပုံစာအုပ်ကို ဖွင့်၍ ဖွင့်၍ကြည့်သဖြင့် ကမ္ဘာ့ပထဝီ အနေအထားကို နားလည်လာကြလေသည်။

ကမ္ဘာကြီးပြားသည် ဟူသော အယူအဆ သူတို့စိတ်တွင် မရှိတော့။ နဂါးနီ အစရှိသော ရန်ကုန်မြို့မှ ထုတ်ဝေသည့် စာအုပ်များကိုလည်း ဝယ်ယူသဖြင့် စာဖတ်သင်း၏ ဗီရိုတွင် ပြည့်နှက်နေလေသည်။ ခိုးသမ်းရွာမှာ အတော်ကြီး အသိအမြင်များလာသည်။ ဒေါင်းစကြာ စာဖတ်အသင်းသို့ ရွာနီးနားချင်းတို့မှ ပုဂ္ဂိုလ်များလည်း လာရောက် ဖတ်ရှုကြ၏။ "ဒေါင်းစကြာ စာဖတ်အသင်းရယ်လို့ ရွာရပ်အတွင်း သင်းရနံ့ဂုဏ်ဖြာ" ဟူ၍ တေးထပ်ရေးဆရာ မောင်တင်က တေးထပ်တစ်ပုဒ် ရေးပြီး ဦးဝိဇယကျောင်းမှ ဘုရားပွဲတွင် ဇာတ်မင်းသားအား အဖတ်ခိုင်းရသည့်တိုင်အောင် ဒေါင်းစကြာ စာဖတ်သင်း၏ ရနံ့မှာ သင်းပျံ့လာလေသည်။

mgyoe.com

mgyoe.com

**တို့ဗမာ အစည်းအရုံး၏ အညွန့်အညောက်**

လူမိုက်ကလေး ကြက်တူရွေးမှာ ရပ်ရွာတွင်းသို့ လည်၍ စာဖတ်သင်းအတွက် လစဉ်ကြေးများကို ကောက်ခံလာ၏။ ရွာသူရွာသားများက သူ့ကို အံ့သြစွာ ငေးစိုက်ကြည့်လာ၏။ အရက်ကိုလည်း ယခင်ကလို ခပ်မှန်မှန် မသောက်တော့ပေ။ လျှော့ချလာ၏။ သူကြီးကတော့ သူ့ကို အံ့သြစွာဖြင့် ငေးစိုက်ကြည့်လာရ၏။ ကြက်တူရွေးသည်လည်း မတတ် တတတ်ဖြင့် သတင်းစာများကို ဖိဖတ်ရာမှ အတော်ပင် စာတတ်လာသည်။ သူသည် သူကြီးကို ကြောက်ခဲ့ရ၏။ သူကြောက်ရသော သူကြီးသည် မုံရွာမြို့မှလာသော အရာရှိများကို ဘုရားထူးရ၏။ ဒါကို သူက မနှစ်မြို့၊ သတင်းစာဖတ် အပါးဝလာသော အခါ ဤမနှစ်မြို့မှုသည် ပို၍ အစိုင်အခဲ ကြီးမားလာသော မနှစ်မြို့မှုအဖြစ်သို့ ရောက်ရှိလာလေသည်။

ဦးဝိဇယသည် ဝီရိယလည်းရှိသည်၊ စည်းရုံးရေးလည်း ကောင်းသည်၊ ဤရွာမှ ရှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့သို့ ဘားမားကော်ပိုရေးရှင်း ကုမ္ပဏီလခစားအဖြစ် အမှုထမ်းနေသော မောင်စိုးဝင်းထံသို့ စာဖတ်သင်းအကြောင်း စာရေး၍ စာဖတ်သင်းအတွက် အလှူခံသည်။ မောင်စိုးဝင်းသည် ငွေတော့ မလှူဒါန်း၊ ဖတ်ရန်စာအုပ်များကို အထုပ်လိုက် အထုပ်လိုက် ပို့၍ လှူဒါန်းသည်။ စာဖတ်သင်းမှာ အတော်ကြီး ကြီးပွားတိုးတက်လာသည်။ ငွေကြေးများ ပိုလျှံသဖြင့် အသင်းဝင်လူကြီးများ၏ အဆိုပြုချက်အရ ရန်ကုန် ဟံသာဝတီ တိုက်မှ ထုတ်ဝေသော ဗုဒ္ဓဝင်များ၊ မဟာဝင်များ၊ ဓိနတ္ထပကာသနီနှင့်တကွ ဇာတ်နိပါတ် စာအုပ်ကြီးများပင် ရှိလာလေသည်။ လောကီ လောကုတ္တရာ နှစ်ဖြာ စုံလင်သော စာကြည့် တိုက်ကြီးပေတည်း။

ဦးဝိဇယအနေနှင့် ဝီရိယရှိသည်ဟုဆိုရာတွင် မိမိကျောင်းတွင်းရှိ ဂန္ထကူဋီတိုက်တွင် ဝတ်တက်နေကြသော ဘုရားလူကြီးများထံသို့သွားပြီး ဝတ်တက်ပြီးချိန်၌ ထိုနေ့ရောက် သတင်းစာကို သွားပြီး ဖတ်ပြလေ့ ရှိ၏။ ဘုရားလူကြီးများအနေနှင့် ဗဟုသုတ၊ ကမ္ဘာ့ဗဟုသုတ ရရှိစေရန်အတွက်သာမဟုတ်ဘဲ စာဖတ်သင်း လစဉ်ကြေး ကောက်ရမည့် ကိစ္စကလည်း ရှိသေးသည် မဟုတ်ပါလား။

၁၂၉၉ ခုနှစ်တွင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် မုံရွာမြို့၌ ကွယ်လွန် အနိစ္စရောက်ခဲ့သည်။ အသုဘအခမ်းအနားသို့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင် သော တို့ဗမာအစည်းအရုံး အဖွဲ့ဝင်များနှင့် ရသေ့ထူး ဦးစံသိန်းတို့လည်း တက်ရောက် လာကြသည်။ ဦးပဉ္ဇင်း ဦးဝိဇယမှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ တပည့်တစ်ဦး
mgyoe.com

mgyoe.com

ဖြစ်သည့်အပြင် အသုဘ၌ ဦးစီးဦးကိုင်ပြုသော ပထမကျော် လယ်တီဦးကောဝိဒ (ဒဂုန်မဂ္ဂဇင်း အယ်ဒီတာချုပ် ပုပ္ပားဦးကျော်ရင်)ကလည်း ပင့်ဖိတ်သဖြင့် အသုဘသို့ ကြွရလေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် အဖွဲ့အပြင် လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး၏သား သခင်တစ်ဦးနှင့်လည်း အပေါင်းအသင်း ဖြစ်လာခဲ့လေသည်။ အသုဘအပြီးတွင် ရွာသို့ ချက်ချင်း ပြန်မလာသေးဘဲ အသုဘသို့ ရန်ကုန်မြို့မှလာသော ရသေ့ထူး ဦးစံသိန်း၏ တရားပွဲများသို့လည်း နှစ်ည သုံးည လိုက်၍နာခဲ့သေး၏။ သူ ရွာသို့ ပြန်အလာတွင် ရန်ကုန်မြို့မှ သခင်ကိုယ်တော်မှိုင်းအဖွဲ့တွင် ပါလာသော အမျိုးသား သခင်သိန်းမောင်သည်လည်း အနားယူရန်ဆိုပြီး အတူလိုက်ပါလာ၏။

သူသည် ဦးဝိဇယ၏ကျောင်းတွင် တည်းခိုရင်း စာဖတ်ပရိသတ်များနှင့် လုံးလားထွေးလား ဖြစ်နေ၏။ စာဖတ်ပရိသတ်များ၏ စီစဉ်ပေးချက်အရ လေသာကျောင်းတိုက်ထဲတွင် သခင်တရားပွဲ ကျင်းပလေသည်။ သူကြီးသည် ဤလူငယ်လှုပ်ရှားမှုကို အနည်းငယ်မျှ ကြိုက်နှစ်သက်ခြင်း မရှိပေ။

"ဒီကောင်တွေထဲမှာ ကြက်တူရွေးကလည်း ပါနေလိုက်သေး"

ဟု သူက ညည်းညူ၏။ သူက မကျေနပ် ဖြစ်နေသလို ကြက်တူရွေးကလည်း အရွဲ့တိုက်သည်။ သို့သော် ယခုအချိန်တွင် ကြက်တူရွေးကို ရွာသူရွာသားများက ကြက်တူရွေးဟူ၍ မခေါ်ဝေါ်ကြတော့ဘဲ လူကြီးများက မောင်ကောင်းရှိန် ဟူ၍ လည်းကောင်း၊ လူငယ်များက ကိုကောင်းရှိန် ဟူ၍လည်းကောင်း၊ မိန်းကလေးများက ဦးကောင်းရှိန် ဟူ၍ လည်းကောင်း ချစ်ခင်ကြည်ညိုစွာ ခေါ်ဝေါ်လာကြပြီ ဖြစ်ပေသည်။ ကိုကောင်းရှိန်သည် သူကြီး၏တိုက် အရှေ့ဘက်တွင်ရှိသော အိမ်မှ တရားပွဲတွင် ထွန်းရန် ဓာတ်မီးကို ဝင်းဝင်းထိန်ထိန်ဖြင့် ငှားယူလာရာ တောင်ဘက်သို့ ရိုးရိုးထွက်မလာဘဲ အနောက်ဘက်မှ လှည့်ကာ သူကြီးတိုက်ရှေ့မှ ဖြတ်၍ ထွက်၍ လှည့်ယူလာလေသည်။

"ကြည့်စမ်းကွ၊ မင့်ကောင် လုပ်လိုက်ပုံက"

သူကြီးဖခင်က သူ့သား သူကြီးကို ပြောပြလေသည်။

အမျိုးသား သခင်သိန်းမောင်သည် တို့ဗမာသီချင်းကို သီဆိုဖွင့်လှစ်၏။ သီချင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com

**တို့ဗမာသီချင်း**

တကောင်းအဘိရာဇာ× × × တို့ဗမာ သာကီမျိုးဟာမို့× × × မည့်သိုးဂုဏ် တေဇာ × × × ယိုးဒယားနဲ့ ကုလားကိုပါ× × × တိုက်ခိုက်ကာ× × အောင်ခဲ့တာ × × × တို့ဗမာ× × × စိန်မှန်ကင်းအစစ်× × × အဖြစ်ကြီး ဖြစ်လျက်ကယ်နဲ့ × × × ထင်း တစ်လှည့် ကြုံရ× × × ထုံးနဲ့မသေ့× × × လောကဓမ္မတာပေ× × × ငါတို့ကံခေ × × × ဖြစ်ရပြန်သလေ× × × သို့သော်× × × အရင်းကိုစစ်လျှင် ဗမာပြေ× × × ငါတို့ × × × ငါတို့ပြေ။

နောင်× × × ဥဒါန်း× × × ဘယ်မကျေစရာ× × × ရာဇဝင်တင်ထား × × × မျိုးရိုးနွယ်လာ× × × ကမ္ဘာတစ်ခွင်မှာဖြင့်× × × ဗမာ အထင်အရှား × × × တို့ခေတ်တွင် မှ ညှံ့ရတော့မှာလား× × × တို့ဗမာ တို့ဗမာ× × × မဟုတ်လေသလား။ (ထိုဗမာ × × × ငါတို့ဗမာ)၂ (ဒါ ငါတို့ဗမာ)၂ အားလုံး ညီညီညာညာ× × × ယောကျာ်းဘသား တို့ဗမာ × × × နောက်လာနောက်သား ကောင်းစားဖို့ရာ တို့ကိုယ်ကျိုးလုံးလုံးမပါ × × × ရဲရဲဗမာ × × × ဗမာပြေ တို့ဗမာဖို့ပါ× × × သခင်ကျင့်ကို ကျင့်ကြပါ× × × သခင်မျိုးဟေ့ တို့ ဗမာ× × × မိုးအောက်မြေပြင်မှာ× × × အထက်တန်းစိတ်နဲ့ ဇာမဏီသွေး × × × တို့ဗမာ။

(သံပြိုင်) ကမ္ဘာမကြေ× × × ဗမာတစ်တွေ (ဒါတို့ပြေ ဒါတို့မြေ၊ ဒါ ငါတို့ ပြေ)၃ (တို့ဗမာ)၃ ပြေကို တိုင်းရင်းသား အကုန်အစင် တို့ပြေလို့ မှတ်ထင်× × × ဝတ္တရား ပင်× × × တို့ဗမာသခင်။

အမျိုးသားရေးကို ကြိုးပမ်းကြပါ၊ ဗမာ× × × ဟေ့တို့ဗမာ၊ သြော်× × × အမျိုးသားရေးကို ကြိုးပမ်းကြပါ၊ တို့ဗမာ× × × ဟေ့ တို့ဗမာ၊ အရှေ့က နေဝန်းထွက် သည့်ပမာပါ၊ တို့ခေတ်ကိုသာ ရောက်ရမည် မလွဲပါ၊ တို့ဗမာဟေ့ တို့ဗမာ × × × ဗမာပြေတစ်ဝှမ်း အကုန်အစင်× × × တို့အိမ်မှတ်ပါ× × × တို့ယာ မှတ်ပါ၊ အဲဒါ တို့ဗမာ။

(ကမ္ဘာမကြေ× × × ဗမာတစ်တွေ (ဒါတို့ပြေ၊ ဒါတို့မြေ ဒါ ငါတို့ပြေ)၃။

အမျိုးသား သခင်သိန်းမောင်မှာ သခင် တရားပွဲ ပရိသတ်အား ထူးထူးထွေထွေ ဟောကြားရန် မလိုတော့ဘဲ တို့ဗမာသီချင်း အဓိပ္ပာယ်ကို ဟောပြောခြင်းဖြင့် ပရိသတ်မှာ လက်ခုပ်တဖြောင်းဖြောင်းနှင့် သဘောကျ နှစ်ခြိုက်ကြသည်။ ထို့အပြင် သုံးရောင်ခြယ် အလံ၏ အဓိပ္ပာယ်ကို ရှင်းပြလေသည်။ သုံးရောင်ခြယ်အလံ၏ အပေါ်ဆုံး အရောင်မှာ အဝါရောင် ဖြစ်သည်။ ဗုဒ္ဓဘာသာ ထွန်းကားရာ မြန်မာနိုင်ငံတွင် အဝါရောင်ကို ဆင်မြန်း

mgyoe.com

သည့် သက်န်းကို ရည်စူး၍ သံဃာများကို ဦးတိုက်သည်၊ အလေးပြုသည်။ အလယ်မှ အစိမ်းရောင်သည် ကောက်ပဲစိမ်းစိမ်း၊ သစ်တောစိမ်းစိမ်း မြန်မာနိုင်ငံကို ရည်ရွယ်၍ အစိမ်းရောင် ခြယ်ထားခြင်း ဖြစ်သည်။ အောက်ဆုံး အနီရောင်မှာ တကောင်း အဘိရာဇာမှ အစ နောက်ဆုံး မြန်မာနိုင်ငံတွင် စိုးစံသွားသော သီပေါမင်းအထိ မြန်မာတို့၏ သွေးမှာ ရဲရဲနီကြောင်းကို ပြသသည်။ အလယ်ကောင်မှ တူတံစဉ်အနက် တူသည် အလုပ်သမားကို ရည်ရွယ်၍ တံစဉ်သည် လယ်သမားကို ရည်ရွယ်ကြောင်း အခြေခံ၍ နိုင်ငံရေးတရားများကို ဟောလေသည်။ ဤသို့ဖြင့် သုံးရောင်ခြယ် သခင်အလံအကြောင်းကို ဟောပြသွားလေသည်။ ပရိသတ်ထံမှ လက်ခုပ်သံ တဖြောင်းဖြောင်းထွက်လာလေသည်။ ခိုးသမ်းရွာကြီးမှာ သခင် အမြစ်တွယ်သွားပြီး ဖြစ်၏။ သခင်လုပ်ချင်သူများ ပေါ်ထွက်လာလေသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ အသုဘသို့ ရန်ကုန်မှ တက်ရောက်လာသော သခင်ကိုယ်တော်မှိုင်းနှင့် အဖွဲ့သည် အသုဘကိစ္စပြီးသော်လည်း မုံရွာတွင် ရှိနေသေး၏။ ခိုးသမ်း၏ အရှေ့မြောက်ဘက်တွင်ရှိနေသော သာစည်ရွာမှ ပုဂ္ဂိုလ်များက သူတို့ရွာတွင် တရားဟောရန် ဆရာကြီးနှင့်အဖွဲ့အား ဖိတ်ကြား၏။ အမျိုးသား သခင်သိန်းမောင်၏ တရားကို နာကြားလိုက်ရပြီးဖြစ်သော ခိုးသမ်းသားများက ထိုတရားပွဲသို့ ရွာတွင်ရှိသော ဘတ်(စ်)ကားကို စင်းလုံးငှား၍ သွားရောက် နာကြားကြ၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ စာပေများကို အထူးသဖြင့် လေးချိုးကြီးများကို စွဲမက်နေသော အဘိုးကြီးများလည်း ပါလာ၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဟောပြောချက်အနက်ကို ခေတ်နန်းရင်းဝန်နှင့် ဝန်ကြီးများအကြောင်း ဟောပြောရာ၌ "ဒီခေတ် သစ်တောရေးဆိုတဲ့ ဝန်ကြီးအကောင်က ကြောင်လျှာပင်တောင် မသိပါဘူးကွာ"ဟု ပြောဆိုချက်များမှာ ခိုးသမ်း ပရိသတ်နှင့်အတူ ရွာသိပါလာလေသည်။ ခိုးသမ်းပရိသတ်က အပြန်ကားပေါ်တွင် မြူးကြွလာကြသည်။ အင်္ဂလိပ်အစိုးရကို အထင်မကြီးကြတော့ပေ။ "ငါတို့သခင်တွေက။ ဟေ့... တို့ဗမာ" ဟူ၍လည်း အချင်းချင်း နှုတ်ဆက်လာကြလေသည်။

## နိုင်ငံရေးလှုပ်ရှားမှု

ခိုးသမ်းရွာမှ လူငယ်များသည် နိုင်ငံရေး နယ်ပယ်ထဲသို့ ခြေတစ်လှမ်း ဝင်လာမိပြီ ဖြစ်သည်။ စာဖတ်သင်းကြောင့် ဗဟုသုတ၊ ကမ္ဘာ့ဗဟုသုတများကို အခြေခံအားဖြင့် ရရှိလာကြပြီ ဖြစ်၏။ ပထဝီဝင်စာအုပ်ကြီးနှင့် တိုက်ဆိုင်၍ စစ်သတင်းများကို ဖတ်ရှုခြင်းအားဖြင့် အခြေအနေကို ရိပ်မိလာသည့်ပြင် ကမ္ဘာကြီးပြားသည်ဟူသော အယူအဆမှာ

mgyoe.com

mgyoe.com

လည်း သူတို့၏စိတ်တွင် ပျောက်ကွယ်သွားကြပြီ ဖြစ်၏။ ကမ္ဘာကြီးလုံးသည် ဟူ၍ ဧကန်ဧက ပြောဆိုလာကြသည်။

တိုးတက်ရေးမဂ္ဂဇင်း၊ ဂျာနယ်ကျော်မဂ္ဂဇင်းများနှင့် သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် ဆယ်သန်းသတင်းစာများအပြင် နဂါးနီတိုက်ထုတ်စာအုပ်များ အစရှိသည်တို့ ရှိနေသော ဒေါင်းစကြာ စာဖတ်သင်းသည် လူငယ်များအား မီးမောင်းထိုးပြလျက် ရှိသည်။ ကာလသားများမှာ အပျိုချောကိစ္စများကို မဆွေးနွေးတော့ဘဲ ဗမာ့အရေးနှင့် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော စစ်သတင်းများကို တွေ့မိတိုင်း ဆွေးနွေးကြလေသည်။

မကြာမီပင် ပဲခူး သခင်လှသန်း ခိုးသမ်းရွာသို့ ရောက်ရှိလာလေသည်။ သူ၏မိခင်မှာ ဤရွာသူဖြစ်သဖြင့် လာရောက်လည်ပတ်ခြင်း ဖြစ်၏။ နတ်တို့ဖန် ရေကန်အသင့်ကြာအသင့်။ သူ၏ ဆွေမျိုးသားချင်းများမှာ နိုင်ငံရေးစိတ်ဓာတ် တက်ကြွနေသော လူငယ်များ ဖြစ်ကြသောကြောင့်တည်း။ သူ၏ ဆွေမျိုးသားချင်းများသာမက ကျန်လူငယ်များကပါ လိုက်လံစွာ ခရီးဦးကြိုပြုကြ၏။

ပဲခူး သခင်လှထွန်းသည် ရွာဦးကျောင်းတိုက် အတွင်းရှိ ဦးစက်ရနှင့်ဒေါ်မိဇနီးမောင်နှံတို့ တည်ထားကိုးကွယ်သော တစ်ဆယ့်ရှစ်တောင်ရှိ ရွှေသာလျောင်း ဂန္ဓကုဋီတိုက်ကြီးတွင် နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်၏။ တက်ရောက်သူ အရေအတွက်မှာ လူငယ် ၂၅ ဦးသာ ရှိသည်။ သခင်လှထွန်းက သင်ပုန်းကြီးဖြင့် ကမ္ဘာ့နိုင်ငံရေးကို ရှင်းလင်းတင်ပြသည်။ ကမ္ဘာပေါ်တွင် အရှေ့ရောအနောက်ပါ စစ်ဖြစ်နေသည်။ "ယခုလို စစ်ပွဲများ ဖြစ်လာချိန်မှာ ငါတို့ ဗမာပြည်ကလည်း လွတ်လပ်ရေးကို အရယူတော့မည်ဟု" ရှင်းလင်းတင်ပြဆွေးနွေးသည်။

ဒေါသအမျက် ခြောင်းခြောင်းထွက်နေပြီး သည်းခံနိုင်အား မရှိတော့ပြီဖြစ်သော သူကြီးမင်းသည် နောက်ပါနှစ်ယောက်နှင့် ဂန္ဓကုဋီတိုက်ထဲသို့ အတင်းဝင်လာ၍ "မင်းတို့ သူပုန်တွေ ငါ ဖမ်းပြီး ထောင်ကိုပို့မယ်" ဟု ခြိမ်းခြောက်လေ၏။

သခင်လှထွန်း ။ ။ "မိတ်ဆွေက ဘယ်သူလဲ"

သူကြီး ။ ။ "ဒီရွာရဲ့ သူကြီးမင်း"

သခင်လှထွန်း ။ ။ "ကျွန်တော်တို့ သူကြီးကို ဖိတ်မထားပါလား၊ ဖိတ်ကြားမခံရတဲ့သူ တက်ခွင့်မရှိပါဘူး"

သူကြီးမင်း၏ မျက်နှာ နီရဲလာပြီး ဘယ်လိုစဉ်းစားမိသည်မသိ ပြန်ထွက်သွားလေသည်။

mgyoe.com

mgyoe.com

ဤသို့ဖြင့် သခင်လှထွန်း၏ ရှေ့မှောက်တွင် ခိုးသမ်းရှာ တို့ဗမာအစည်းအရုံးကို ဖွဲ့စည်းလိုက်လေသည်။ ဥက္ကဋ္ဌမှာ သခင်သိန်းဝင်း၊ အတွင်းရေးမှူးမှာ သခင်ကောင်းရှိန် (ကြက်တူရွေး)၊ ငွေထိန်းမှူး သခင်သော့မောင်၊ ဝါဒပြန့်ပွားရေးမှူ သခင်ထွေး၊ လက်ရုံးတပ်မှူး သခင်ဗစိုးတို့ ဖြစ်ကြလေသည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ငွေထိန်းမှူးတို့မှာ သခင်လှထွန်းနှင့် ညီအစ်ကို ဝမ်းကွဲတော်သူများ ဖြစ်ကြသည်။

မာန်ဖီနေသော သူကြီးမင်းသည် သခင်များထွက်အလာတွင် ဂန္ဓကုဋီတိုက် အနောက်ဘက်မှ စောင့်၍ ဝါးလုံးနှင့် သိမ်းရိုက်လေသည်။ ဤသို့ပြုလုပ်ခြင်းကြောင့် ပဋ္ဌိပက္ခပွဲမှာ စေ့စပ်၍မရပေ။ ပြေငြိမ်း၍မရတော့ပေ။ တစ်ရွာလုံးလိုလိုကပင် "တို့ဗမာအစည်းအရုံး ဖွဲ့လိုက်ပြီ" ဟူသော သတင်းကို ကြိုဆိုထောက်ခံကြသည်။ ဝါးလုံးဖြင့် ရိုက်သော သူကြီးအပေါ် ဒေါသထွက်ကြသည်။ သားသမီးချင်းမစာဟု ဆိုသူက ဆိုကြ၏။

၁၉၃၄ ခုနှစ်တွင် ဟစ်တလာသည် နာဇီအာဏာရှင်ဖြစ်လာပြီး အခြေအနေမှာ များစွာ ဆိုးဝါးလာခဲ့ကြောင်း၊ ၁၉၃၅ ခုနှစ်တွင် ဗာဆေးစာချုပ်ကို ဖျက်သိမ်းခဲ့သည်။ အီတလီတွင်လည်း ဖက်ဆစ်အာဏာရှင် မူဆိုလီနီက အဗက်ဆီးနီးယားပြည်ကို ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ဟစ်တလာ၏ စစ်တပ်များသည် ရိုင်းလင်းနယ်ကို ဝင်ရောက်သိမ်းပိုက်ခြင်းဖြင့် ဗာဆေးစာချုပ်မှာ စက္ကူစုတ်အဖြစ်သို့ ရောက်ရှိလာခဲ့သည်။ စပိန်ပြည်တွင်လည်း ပြည်တွင်းစစ် ဖြစ်ပွားလာသည်။ စစ်ခေါင်းဆောင် ဖရန်ကိုက အောင်နိုင်ပြီး ၁၉၃၇ ခုနှစ်တွင် တစ်ပါတီအာဏာရှင်စနစ်ကို ထူထောင်လိုက်သည်။ ယင်းအစိုးရကို ဂျာမနီနှင့် အီတလီ ဖက်ဆစ်အစိုးရတို့က အသိအမှတ်ပြုလိုက်သည်။ ၁၉၃၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဖက်ဆစ်ဝါဒခံယူချက် တူညီကြသူများဖြစ်သည့် ဂျာမနီနှင့် ဂျပန်နိုင်ငံတို့ မဟာမိတ်ဖွဲ့လိုက်ကြသည်။ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလတွင်ပင် အီတလီက ပါဝင်လာပြီး မဟာမိတ်ဝင်ရိုးတန်းအဖွဲ့အဖြစ် ပူးပေါင်းလိုက်ကြသည်။

ထိုအချိန်တွင် ဗြိတိန်နှင့် ပြင်သစ်တို့သည် ငြိမ်းချမ်းရေးရရှိရန် အကြောင်းပြ၍ ဟစ်တလာကို ကိုလိုနီနယ်များ သိမ်းပိုက်စေခြင်းဖြင့် ချော့မြှူခဲ့ကြသည်။ ဂျာမနီမှ ဟစ်တလာသည် ၎င်း၏ ဖက်ဆစ်ဝါဒလွှမ်းမိုးရေးအတွက် ၁၉၃၈ ခုနှစ်တွင် ဩစတြီးလျနိုင်ငံကို သိမ်းပိုက်လိုက်သည်။ ဤကဲ့သို့ သိမ်းပိုက်ခြင်းကို လက်ပိုက်ကြည့်နေခြင်းအားဖြင့် အင်္ဂလိပ်နှင့်ပြင်သစ်တို့က ဟစ်တလာကို ချော့မြှူခဲ့ကြသည်။ အင်္ဂလိပ်သည် ဂျာမနီနှင့် ငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုလိုက်ကြသည်။ ထို့နောက် ဗြိတိန်သည် အီတလီနိုင်ငံ၏ အဗက်ဆီးနီးယားနိုင်ငံအား သိမ်းပိုက်ခြင်းကို အသိအမှတ်ပြုပြန်သည်။ ဤကဲ့သို့ နယ်ချဲ့

mgyoe.com

 mgyoe.com 

သမားအချင်းချင်း နိုင်ငံသိမ်းပိုက်မှုကို အသိအမှတ်ပြုခြင်းမှာ သဘာဝအတိုင်းပင် ဖြစ်ပေသည်။ သို့ရာတွင် ဗြိတိန်အနေဖြင့် ဟစ်တလာ၏ ကျူးကျော်မှုမှာ ပိုမိုတိုးတက်လာလျှင် မိမိအင်ပါယာအား ထိပါးစော်ကားလာမည်ကို စိုးရိမ်လာသည်။ သို့ရာတွင် ဝင်ရိုးတန်းနိုင်ငံအဖွဲ့တွင် စပိန်နိုင်ငံကို လက်ခံခြင်းဖြင့် ပိုမိုကြီးထွားလာစေသည် စသည်အားဖြင့် လည်းကောင်း၊ ၁၉၃၆ ခုနှစ်တွင် ဂျပန်ပြည်၌ မြို့စောင့်တပ်က ပုန်ကန်၍ ကိုနိုရီး စစ်အစိုးရတက်လာသည်။ ၁၉၃၇ ခုနှစ်တွင် ဂျပန်ပြည်က တရုတ်ပြည်ကို ဝင်ရောက် တိုက်ခိုက်သည်။ ဂျပန်တို့သည် ရှန်ဟဲမြို့၊ ကန်တုန်မြို့၊ ဟန်ကော်မြို့၊ မူဟန်မြို့များကို ဆက်လက်သိမ်းပိုက်လာသည် စသည်အားဖြင့်လည်းကောင်း နိုင်ငံတကာ စစ်ရေးအခြေအနေများကို မြေပုံများ ရေးဆွဲ၍ ရှင်းလင်းတင်ပြသွားသည်။

ထိုအချိန်ကစပြီး တို့ဗမာအစည်းအရုံးဝင် သခင်များသည် နိုင်ငံရေးလှုပ်ရှားမှုနှင့် ရပ်ရွာ၏ ကာကွယ်ရေး၊ ဝေယျာဝစ္စ ကိစ္စကြီးငယ်မရွေး၊ သာရေး နာရေးမရွေး ပါဝင်လှုပ်ရှားခဲ့ကြသည်။ တို့ဗမာအစည်းအရုံးဝင် သခင်ဦးရေများ တိုးတက်မြင့်မားလာပြီး ဗမာ့ လက်ရုံးတပ်ဖွဲ့ကိုပင် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြသည်။

သူတို့၏ အခြေအနေကား အရေးအတွက်အရာရော အရည်အချင်းအရပါ ကြီးမားလှသည်။ ယခင် အသင်းနှစ်သင်းကဲ့သို့ ရပ်ရွာ သာရေး၊ နာရေး ကိစ္စအတွက်သာ မဟုတ်တော့ဘဲ ဗမာ့လက်ရုံးတပ်က ရပ်ရွာအား ခိုးသားဓားပြဘေးမှ ကာကွယ်ပေးရန် တာဝန်ကိုယူလိုက်သောကြောင့် ဖြစ်၏။ ဤသို့ဖြင့် သူကြီးမှာ တာဝန်တွေ တော်တော်များများလစ်ဟင်းသွားသည်။ သို့ရာတွင် အတိအလင်း ခြိမ်းခြောက်မှုကိုကား မပြုရဲတော့ပေ။ ရပ်ရွာ၏ ထည့်ဝင်ငွေဖြင့် ဗမာ့လက်ရုံးတပ်မှာ ညစဉ် ကင်းလှည့်ရာ၌ ကိုင်ဆောင်ရန် ငါးတောင့်ထိုး အဲဗားရဲဒီ လက်နှိပ်ဓာတ်မီးကြီးများကိုပင် ဝင့်ဝင့်ဝါဝါ ကိုင်ဆောင်လာနိုင်ကြသည်။

### တစ်နယ်ပြန်

မောင်စိုးဝင်းသည် ရက်ကန်းထောင် မိဘများ၏ သားကြီး သြရသ ဖြစ်သည်။ သူ့စိတ်တွင် ရက်ကန်းထောင်လုပ်ငန်းကို သိပ်ပြီး စိတ်မဝင်စားလှ။ နောက်ပြီး သူက ကျေးရွာထက် မြို့ပြကို ပိုပြီး မက်မောသည်။ "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဟူ၍ ဆိုရိုးစကား ရှိလေရာ ခိုးသမ်းရွာမှထွက်ပြီး ရှမ်းပြည်မြောက်ပိုင်း "နမ္မတူ" မြို့သို့သွား၍ ဘားမားကော်ပိုရေးရှင်း ကုမ္ပဏီ အမှုထမ်းအဖြစ် လုပ်ကိုင်နေရာမှ ကျေးရွာကို လွမ်းသဖြင့်

mgyoe.com

နမ္မတူမှ ပြန်လည် ရောက်ရှိလာလေသည်။ သူသာမက နမ္မတူမြို့တွင် လုပ်ဖော်ကိုင်ဖက် ဖြစ်ခဲ့သော မောင်ဗိုလ်သည် အတူပါလာလေသည်။ မောင်ဗိုလ်ကား မန္တလေး ရွှေမြို့တော် သားစစ်စစ် ဖြစ်၏။ မောင်စိုးဝင်းအား သခင်ခေါင်းဆောင်များ ဖြစ်ကြသော သခင်သိန်းဝင်း နှင့် သခင်ကောင်းရှိန် အစရှိသော တို့ဗမာအစည်းအရုံးဝင် သခင်တို့က လှိုက်လှဲစွာ ကြိုဆိုကြလေသည်။ သူ့ကို ကျေးဇူးတင်ရင်းစွဲ ရှိကြသည် မဟုတ်ပါလော။ သူက မကြာခဏဆိုသလိုပင် ဒေါင်းစကြာ စာဖတ်သင်းသို့ စာအုပ်များ လှမ်း၍ လှမ်း၍ လှူခဲ့ဖူး၏။

မောင်စိုးဝင်းကလည်း တို့ဗမာအစည်းအရုံး၏ ခေါင်းဆောင်မှုအောက်တွင် တစ်ရွာလုံးလိုလို စည်းလုံးညီညွတ်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာမိလေသည်။ ဗမာ့ လက်ရုံးတပ်သားများက ကျေးရွာ၏ ကာကွယ်ရေးကို တာဝန်ယူနေသည်ကိုလည်း များစွာပင် ကျေနပ်မိသည်။

"ရဲစိုးဝင်း ပြန်လာတာ ဝမ်းသာတယ်ကွာ"ဟူ၍ သခင်ကောင်းရှိန်က ခရီးဦးကြိုပြုသော မင်္ဂလာစကားကို ပြောကြား၏။ ဤရွာသားများသည် လူကြီးလူငယ်မရွေး မိတ်ဆွေအပေါင်းအသင်းများကို နာမည်၏ ရှေ့က "ရဲ" တပ်၍ ခေါ်လေ့ရှိ၏။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာလောက်က ရွှေဘိုသား အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ဟံသာဝတီ ပဲခူးမြို့ကို သိမ်းပိုက်ပြီး မြို့ကိုစောင့်ရှောက်ရန် သူ၏ တပ်မတော်သား တချို့ကို သူကြိုက်ရာ ရွေးပြီး ရဲတပ်ဖွဲ့တစ်ဖွဲ့ကို ဖွဲ့ခဲ့၏။ ဤရွာသားများအနေနှင့် တစ်ဦး၏ အမည်ကို တစ်ဦးက "ရဲ"တပ်၍ ခေါ်ဝေါ်လေ့ရှိခြင်းမှာ ထိုစဉ်က ပဲခူးမြို့ ရဲတပ်ဖွဲ့တွင် ဤရွာသား အများအပြား ပါရှိခြင်းကြောင့် ထိုစဉ်မှ ဆင်းသက်လာသော အခေါ်အဝေါ် အလေ့အထများဟု စဉ်းစားသူများကလည်း စဉ်းစားကြ၏။

ပထမကျော် လယ်တီဦးကောဝိဒ (ဒဂုန်မဂ္ဂဇင်း အယ်ဒီတာတာချုပ် ပုပ္ပားဦးကျော်ရင်) သည် သူ၏ရှေ့တွင် လယ်တီပဏ္ဍိတတစ်ဦးဖြစ်သော အဘိုးကြီးအောင်ညွန့်က ဦးချစ်အား ရဲစိုးချစ်ဟု ခေါ်ဝေါ်သည်ကို ကြားရသဖြင့် သူ့ထက်ကြီးသော ဦးစိုးချစ်ကို သူက "ရဲစိုးချစ်...ရဲစိုးချစ်"ဟု ခေါ်လေ့ခေါ်ထ ရှိခဲ့၏။ ရွယ်တူတန်းတူသာ ခေါ်လေ့ခေါ်ထ ရှိသော ဤစကားကို မိမိထက်ငယ်သော ဦးကောဝိဒက ခေါ်သဖြင့် ဦးစိုးချစ်ကလည်း ဖွေမယူခဲ့ပေ။ ကျေနပ်စွာပြုံး၍ "တင်ပါ...တင်ပါ"ဟု ပြန်လျှောက်လေ၏။

ဤကဲ့သို့ သခင်ကောင်းရှိန်၏ နှုတ်ခွန်းဆက် ကြိုဆိုမှုကို မောင်စိုးဝင်း ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်လေသည်။ သူသာမက နမ္မတူမြို့မှ အတူပါလာသော မောင်ဗိုလ်

mgyoe.com

ကလည်း ခိုးသမ်းရွာ၏ စည်းလုံးမှုနှင့် ရွာသူရွာသားများ၏ ဖော်ရွေမှုများကို ကျေနပ်အားရမိလေသည်။

၁၃၀၀ ခု (၁၉၃၈ ခုနှစ်)တွင် ခိုးသမ်းရွာ တို့ဗမာအစည်းအရုံး ဒုတိယအကြိမ်ညီလာခံကို ခမ်းနားစွာ ကျင်းပခဲ့လေသည်။

သခင်သိန်းဝင်း ။ ။ "ကဲ...ကိုစိုးဝင်းလည်း တို့ဗမာအစည်းအရုံးဝင် သခင်တစ်ယောက် ဖြစ်လာပြီ၊ ဒီတော့ ခင်ဗျားပဲ ဒီညီလာခံအပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေတော့"

သခင်စိုးဝင်း ။ ။ "သခင်သိန်းဝင်းပဲ ဥက္ကဋ္ဌအဖြစ် ဆက်လက် ဆောင်ရွက်ပါ၊ ကိုယ်ကတော့ သာမန်အမှုဆောင်အဖြစ်ပဲ လုပ်ကိုင်ဆောင်ရွက်ရင် ကျေနပ်ပါပြီ"

သခင်သိန်း ။ ။ "ကိစ္စက ဒီလိုရှိတယ်ဗျ၊ ဒီနေရာမှာ ကိုယ်ရေးကိုယ်တာတွေ ထည့်ပြီး စဉ်းစားနေဖို့ မလိုဘူး၊ ခင်ဗျားက ကျွန်တော့်ထက် ပိုပြီး စဉ်းစားဉာဏ် ရှိတယ်၊ ဗဟုသုတလည်း ပိုပြီး ရှိတယ်၊ ဒေသန္တရ အတွေ့အကြုံတွေ ရှိတယ်၊ ပြောရဲဆိုရဲလည်း ရှိတယ်၊ သတ္တိလည်း ရှိတယ်၊ မဟုတ်မခံတဲ့ သဘောလည်း ရှိတယ်၊ ကမ္ဘာမှာလည်း စစ်ပွဲတွေ ပိုပြီး ပြင်းထန်နေတယ်၊ နယ်ချဲ့သမားကလည်း ဖိနှိပ်မှုပိုလာတယ်၊ ကျွန်တော်တို့ရဲ့ တို့ဗမာအစည်းအရုံးနဲ့ ဗမာ့လက်ရုံးတပ်ကလည်း အားရှိလာတယ်၊ ဒီတော့ကာ နယ်ချဲ့ကို တော်လှန်ဖို့အတွက် ခင်ဗျားက ကျွန်တော့်ထက် ပိုပြီး အရည်အချင်းရှိတယ်၊ အဲဒီတော့ ပြောမနေပါနဲ့ ဥက္ကဋ္ဌရာထူးကို လက်ခံလိုက်ပါတော့"

သခင်ကောင်းရှိန် ။ ။ "သခင်သိန်း အဆိုပြုတာဟာ ယုတ္တိရှိပါတယ်၊ သူကအတင်း ထိုးအပ်နေတာပဲ၊ သခင်စိုးဝင်းက လက်ခံပါ။

ဤသို့ဖြင့် ခိုးသမ်းရွာ တို့ဗမာအစည်းအရုံးတွင် အများသဘောတူ ဆန္ဒအရ သခင်စိုးဝင်းပင် ဥက္ကဋ္ဌအဖြစ်သို့ ရောက်ရှိလာလေသည်။ အတွင်းရေးမှူးကတော့ ယခင်အတိုင်းပင် အများသဘောတူ သခင်ကောင်းရှိန်ကိုပင် ရွေးကောက် တင်မြှောက်လိုက်ကြသည်။ အခြားအမှုဆောင်များမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

mgyoe.com

သခင်ထွန်းကောင်း ။ ။ ငွေထိန်းမှူး။
သခင်ဗိုလ် ။ ။ ဝါဒပြန့်ပွားရေးမှူး။ (ခိုးသမ်းရောက် မန္တလေးသား)။
သခင်ဇစိုး ။ ။ လက်ရုံးတပ်ဖွဲ့မှူး။

ထိုအချိန်တွင် တို့ဗမာအစည်းအရုံးဝင် သခင်ပေါင်း ၅၀ ကျော်လာပြီ ဖြစ်သည်။ အလုပ်အမှုဆောင် အဖွဲ့သစ်ကို ကြားရသောအခါ ရွာသူရွာသားများက များစွာပင် နှစ်ထောင်း အားရ ရှိလှသည်။ တို့ဗမာအစည်းအရုံးမှာ ယခင်ကထက်ပင် ပို၍ အင်အား တောင့်တင်း လာပြီ မဟုတ်ပါလော။

ထိုညီလာခံမှာပင် နာယကဖြစ်သူ သခင်ဝိဇယနှင့်အတူ ဆောင်ရွက်ရန် သခင်သီ ခေါ် အဘိုးကြီးကိုလည်း နာယကအဖြစ် တင်မြှောက်လိုက်၏။

သခင်သီကား ချိပ်ကုန်တိုက်ပိုင်ရှင် ဖြစ်၏။ သူ၏ဆိုင်တွင် ပိုလို၊ ကတ်ကြေး၊ ဆင်တံဆိပ် စီးကရက်များကိုလည်း ရောင်းချသည်။ ဤရွာတွင်၊ ပန်းထိမ်ဖို လေးငါးဖို အပြင် အင်္ကျီလုံချည်ချုပ်သော စက်သမားများနှင့် ကျန်လူများမှာ ရက်ကန်းထောင်သားများ၊ ရက်ကန်းသမားများ၊ ဗိသုကာလက်သမားများရှိကြသဖြင့် စီးကရက်အရောင်းရ တွင်ကျယ် လှသည်။ သခင်သီသည် ခိုးသမ်းရွာတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကိုယ်ပွား တစ်ယောက် ဖြစ်၏။ သူသည် ညှပ်ဖိနပ်စီး၍ ယောလုံချည်နှင့် ဖျင်ပင်နီတိုက်ပုံ အင်္ကျီကို ဝတ်ဆင်၏။ နှုတ်ခမ်းမွေးနှင့် ဩျာင်ထုံးကိုပိုက်၍ ပိုးပဝါလေးကို စည်းထားသည်။ ဤကဲ့သို့သော ဝတ်ဆင်ပုံဖြင့် သခင်ကိုယ်တော်မှိုင်း၏ ကိုယ်ပွားဟု ဆိုရမည်ဖြစ်သည့် သူ့အား လူငယ်သခင်များက...

"သခင်ဘီ ဒို့ဗမာ"ဟု နှုတ်ဆက်လျှင် သူကလည်း...

"တို့ဗမာ...တို့ဗမာ"ဟု ပြုံးရွှင်စွာ ပြန်လည်နှုတ်ဆက်လေ့ ရှိ၏။ သခင်အစည်း အဝေးရှိလျှင် သူက ရှေ့က ရောက်နှင့်၏။

အောက်မြန်မာနိုင်ငံ သာယာဝတီမြို့တွင် ၁၃၀၂ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ၃ ရက်နေ့၊ ၁၉၄၀ ခု၊ မေလ ၁၁၊ ၁၂၊ ၁၃ ရက်နေ့များတွင် ပဌမမြောက် ဗမာနိုင်ငံလုံး ဆိုင်ရာ တို့ဗမာအစည်းအရုံး ညီလာခံကြီးကို ကျင်းပမည်ဖြစ်သည်။ ထိုညီလာခံကြီးသို့ အောက်ချင်းတွင်း စီရင်စု ခိုးသမ်းရွာ တို့ဗမာအစည်းအရုံးမှ ကိုယ်စားလှယ်များကို စေလွှတ် ရန် ရန်ကုန်မြို့ တို့ဗမာအစည်းအရုံး ဌာနချုပ်မှ အကြောင်းကြားစာ ရောက်ရှိလာသည်။ ထိုကိစ္စအတွက်စဉ်းစားရန် ခိုးသမ်းရွာ တို့ဗမာအစည်းအရုံးမှ အစည်းအဝေး ခေါ်သည်။

ထိုအစည်းအဝေးတွင် ခိုးသမ်းရွာ တို့ဗမာအစည်းအရုံး နာယကတစ်ဦးဖြစ်သူ သခင်ဝိဇယနှင့် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်စိုးဝင်းအား သာယာဝတီညီလာခံသို့

 mgyoe.com 

ကိုယ်စားလှယ်အဖြစ် စေလွှတ်ရန် အားလုံးသဘောတူကြသည်။ ဘဏ္ဍာရေး အခြေအနေကလည်း စေလွှတ်နိုင်လောက်အောင်ပင် ခိုင်ခံ့နေသည် မဟုတ်ပါလား။

သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့သည် မုံရွာမှ မန္တလေးသို့ မီးရထားစီးပြီး ခရီးထွက်ခဲ့ကြသည်။ သူတို့နှင့်အတူ မတင်ခေါ်၊ မိန်းကလေးတစ်ယောက်လည်း ပါရှိလာ၏။ သခင်ဝိဇယ၏ ဦးကြီးဦးဖိုးဟန်က သူ့သမီးကို သူ့နှမရှိရာ ဖြူးမြို့သို့ဆင်း၍ ပို့ခဲ့ရန် မှာကြားပြီး ထည့်လိုက်ခြင်း ဖြစ်၏။ မတင်ကတော့ သူ့မောင်ဦးပဉ္ဇင်းနှင့် သခင်စိုးဝင်းတို့ ဘယ်အရပ်သို့သွား၍ ဘာလုပ်ကြမည်ဆိုသည်ကို မသိနိုင်လောက်အောင်ပင် ငယ်ရွယ်သူကလေး တစ်ယောက် ဖြစ်၏။ လွတ်လပ်ရေးရပြီးနောက် ယနေ့ခေတ်တွင် သူသည် သဃ်န်းကျွန်း၌ နေထိုင်ပြီး သူ၏ခင်ပွန်းက စက်ရုံအလုပ်သမား ခေါင်းဆောင် တစ်ဦး ဖြစ်နေသည်။ ဤဘဝသို့ ရောက်ရှိနေခြင်းမှာ လွတ်လပ်ရေးရသောကြောင့်ပင် ဖြစ်သည်။ သူ့မောင်ကြီး ဦးပဉ္ဇင်းနှင့် သခင်စိုးဝင်းတို့သွားကြခြင်းမှာ လွတ်လပ်ရေးရရှိရာ ရရှိကြောင်း အတွက် ဆောင်ရွက်ရန် ဖြစ်သည်ကို မိန်းကလေးက ထိုအချိန်တွင် မသိရှိပေ။ ယနေ့လည်း ဤအကြောင်းကို သိရှိချင်မှ သိရှိပေလိမ့်မည်။

သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့သည် ဖြူးဘူတာတွင် ဆင်း၍ ဦးစိုးရ၏ဇနီး ဦးဖိုးဟန်နှမ မညွန့် နေထိုင်ရာ အိမ်သို့ သွားရောက်ပြီး မတင်ကို ပို့ခဲ့ကြသည်။ သူတို့၏ သားများဖြစ်သော မောင်ကျော်ဒင်နှင့် မောင်ကျော်ရင်တို့ကိုလည်း တွေ့ခဲ့ကြ၏။

သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့သည် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်သော အခါ လန်ချားငှား၍ အလုံရပ်ကွက် ထရော်လီဂိတ်အနီးမှ ဆတ္တာလင်လမ်းသို့ သွားရောက်ခဲ့ကြသည်။ ထိုလမ်းတွင် သခင်ဦးဝိဇယ၏အဖေ ညီအရင်း ဦးဖိုးစော နေထိုင်လျက် ရှိ၏။ (ယနေ့မူ (ဝါ) လွတ်လပ်ရေး ရရှိပြီးသောနေ့တွင် ဦးဖိုးစောသည် မုံရွာမြို့ ဈေးသစ်အနီး သန်းစတိုးတိုက်ပိုင်ရှင် ဖြစ်လာသည်။)

ဘထွေးလေးစောက သခင် ဝိဇယကို မေးသည်။

"ဘာကိစ္စ ကြွလာသလဲ ကိုယ်တော်"

"သာယာဝတီမှာ ကျင်းပမယ့် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ပဋ္ဌမ ညီလာခံကို တက်ဖို့ လာကြတာပဲ"

"ဟာ...တယ်ဟုတ်ပါလား၊ သခင်တွေ ဘာတွေ ဖြစ်နေပြီကိုး"

ဘထွေးလေးက ချီးမွမ်းသလား၊ ကဲ့ရဲ့သလားဆိုသော အချက်ကို သခင်ဝိဇယ စဉ်းစား၍ မရခဲ့ချေ။ ထိုညက ထိုအိမ်မှာပင် အိပ်ကြသည်။ သခင်စိုးဝင်းအား ဘထွေးလေး

mgyoe.com

က ညစာကျွေးသည်။ သူ့ဇနီး မမြိုင်က ထမင်းဟင်းများကို အညာသားအကြိုက် ချက်ပြုတ်ပေးသည်။ နောက်တစ်နေ့ နံနက်စောစောထ၍ စားကြ သောက်ကြပြီးလျှင် ညီဝမ်းကွဲတော်သူ ဘထွေးလေး၏ သား မောင်သန်းထွန်းက သိမ်ကြီးဈေးသို့ လိုက်ပို့သည်။ မောင်သန်းထွန်းမှာ ထိုစဉ်က ဘလောက်တိုက်တစ်ခုတွင် ပညာသင်နေ၏။ သိမ်ကြီးဈေးသို့ ရောက်ရှိပြီး ရန်ကုန်အရေးပိုင်ရုံး၏အနီး ကွမ်းယာဆိုင်တွင် ကွမ်းယာစား၍ စီးကရက် ဝယ်သောက်ပြီးနောက် မောင်သန်းထွန်းကို ပြန်လွှတ်လိုက်ကြသည်။

ထို့နောက် လန်ချားငှား၍ ရေကျော်ရှိ တို့ဗမာအစည်းအရုံးသို့ သွားရောက်ကြသည်။ တို့ဗမာအစည်းအရုံးဌာနချုပ်သို့ ရောက်သောအခါ အခြား ခေါင်းဆောင်များကို မတွေ့ရဘဲ သခင်သန်းထွန်းကိုသာ တွေ့ရသည်။ မလှမ်းမကမ်းနေရာတွင် လူတစ်ယောက် လက်နှိပ်စက် ရိုက်နေသည်။ ၎င်းလက်နှိပ်စက်ရိုက်သူမှာ ယနေ့ အသံလွှင့်ရုံ ယာယီ ညွှန်ကြားရေးမှူးဖြစ်သော ဦးတင်ဦးခေါ် သခင်တင်ဦးဖြစ်ကြောင်း နောက်မှ သိရှိရသည်။

ကုလားထိုင်များပေါ်တွင် နယ်မှ ရောက်ရှိလာသော ကိုယ်စားလှယ် အချို့ကို တွေ့ရှိရသည်။ ခိုးသမ်းရွာ တို့ဗမာအစည်းအရုံးက ပေးလိုက်သော အသင်းဝင်ကြေးနှင့် အလှူငွေများကို ရမရ မေးမြန်းရာ သခင်သန်းထွန်းက ထိုငွေများ မရရှိသဖြင့် ပဲခူးမှ သခင်လှထွန်းအား အရေးယူထားကြောင်း ပြန်လည် ဖြေကြားသည်။ သခင်ဝိဇယမှာ အတော်ကြီးပင် ဝမ်းနည်းပက်လက် ဖြစ်သွား၏။ ပွင့်လုဆဲဆဲဖြစ်နေသော ခိုးသမ်း တို့ဗမာအစည်းအရုံးမှာ သခင်လှထွန်းဟူသော မိုးမရွာပေးပါက ခြောက်သွေ့သွားနိုင်စရာ ရှိပေသည်။ သခင်လှထွန်း ဟူသော မိုးရေကြောင့်သာ ပွင့်လန်းဝေဆာနိုင်ခဲ့ခြင်း ဖြစ်၏။ ဒါကြောင့်လည်း သခင်ဝိဇယက ဝမ်းနည်းပက်လက် ဖြစ်ရခြင်းပင်။

နောက် ရန်ကုန်မှ သခင် ကေသရ ရောက်ရှိလာ၏။ ထိုဦးပဥ္စင်းသည် သခင်သန်းထွန်းနှင့် စကားပြောပြီးနောက် ဆွမ်းဝယ်ဘုဉ်းပေးရန် ပိုက်ဆံတောင်းသည်။ သခင်သန်းထွန်းက သူ့ရှေ့တွင် ငွေတစ်ကျပ်ပေး၍ သခင်ဝိဇယရှေ့တွင်လည်း ငွေတစ်ကျပ် လှမ်း၍ ပစ်ပေးလေ၏။ ရန်ကုန်တွင်နေသော သခင် ကေသရက အလေ့အထ ရှိနေပြီဖြစ်သဖြင့် ထိုငွေတစ်ကျပ်ကို ကောက်ပြီး ပြန်ဆင်းသွား၏။ သခင်ဝိဇယကမူ တောသားဖြစ်သည့်အားလျော်စွာ ရိုင်းစိုင်းသည်ဟု ယူဆသဖြင့် ထိုငွေဒင်္ဂါးကို ကောက်မယူဘဲ ပြန်ဆင်းလာ၏။

"ပိုက်ဆံမယူဘူးလား ကိုယ်တော်"

"နေပါစေတော့"

mgyoe.com

လှေကားအဆင်းတွင် ထီးကိုလက်တွင်ချိတ်၍ တက်လာသူ သခင်ခေါင်းဆောင်တစ်ဦးကို တွေ့ရ၏။ ထိုသူမှာ သခင်နု ဖြစ်၏။ သူက နှုတ်ဆက်ပြီး သခင်စိုးဝင်းနှင့် စကားပြောသည်။ သခင်ဝိဇယကတော့ သူ့ကို တယ်ပြီး ဂရုမစိုက်လှ၊ မကြာမီကပင် သူရေးသားသော (ဝါ) ဘာသာပြန်သော လူပေါ်လူဇော်လုပ်နည်း စာအုပ်ကို ဖတ်ရှုခဲ့ရသည် မဟုတ်ပါလော။ သခင်ဝိဇယက ထိုစာအုပ်ကို တော်လှန်ရမည့်ခေတ်တွင် ထုတ်ဝေရမည်လားဟု သိပ်ပြီး မကြိုက်လှ။ ထို့ကြောင့်လည်း သိပ်ပြီး ဂရုမစိုက်ခြင်း ဖြစ်သည်။ သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့သည် ရန်ကုန်မြို့တွင် ဘုရားလှည့်လည် ဖူးမြော်ပြီး တိရစ္ဆာန်ရုံ စသည်ဖြင့် ကြည့်ရှုလေ့လာစရာ ရှိသည်တို့ကို လေ့လာခဲ့သည်။

နောက်တစ်နေ့ ၁၂ နာရီရထားဖြင့် ကြည့်မြင်တိုင်ဘူတာမှ သာယာဝတီသို့ ထွက်ခွာခဲ့ကြသည်။ ဘထွေးလေး ဦးဖိုးစောက ကြည့်မြင်တိုင်ဘူတာသို့ လိုက်ပို့ပြီး မီးရထားထွက်ခါနီး ရထားပေါ်တွင် ထိုင်ခုံများအကြား၌ သူ့တူ ဦးပဥ္စင်း သခင်ဝိဇယအား ရှိခိုးရင်းနှုတ်ဆက်လေ၏။ တူတော်မောင်မှာ ရှုံးတိုးရှန့်တန့် ဖြစ်သွား၏။ မိမိသွားရမည့် ခရီးမှာ သခင်ညီလာခံသို့ ဘထွေးလေးလုပ်သူက ရိုသေစွာ ရှိခိုးနေသောကြောင့် ဖြစ်၏။ ရထားပေါ်တွင် သူတို့နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံ၌ ရေနံမြေသခင်သင်တို့ လိုက်ပါလာကြသည်။ အချင်းချင်းမိတ်ဆက်ကြ၏။ ညီလာခံသွားမည့်သူများသာ ဖြစ်ကြောင်း သိရှိရသဖြင့် ရင်းနှီးသွားကြ၏။ တစ်လှေတည်းစီး တစ်ခရီးတည်းသွား။

သခင်သင်သည် သာယာဝတီနယ်သို့ ရောက်သည့်တိုင်အောင် သခင်ဗစိန် တော်ကြောင်းများကို ပြောပြလေသည်။ သခင်ဗစိန်ကား အခြား တို့ဗမာအစည်းအရုံး၏ ခေါင်းဆောင်တည်း။

ယနေ့ သွားရမည့် ညီလာခံက သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော တို့ဗမာအစည်းအရုံး၏ ညီလာခံ၊ သခင်ဗစိန်သည် မြို့တစ်မြို့တွင် ညတစ်ည၌ နိုင်ငံရေးတရားဟော၏။ နောက်တစ်ညတွင် ဆက်၍ ဟောပြောရာ တရားနာ ပရိသတ်များသည် တုတ်၊ ဓားများကို ကိုင်ဆောင်လာကြသည်။ ဤသည်မှာ သခင်သင်၏ အဆို ဖြစ်သည်။ အညာသား နှစ်ဦးမှာ နားထဲတွင် တစ်မျိုးထင်ကြသည်။

ရထားပေါ်မှဆင်း၍ ညီလာခံကျင်းပရာ သုံးဆယ်မြို့နှင့် သာယာဝတီမြို့အကြား အမျိုးသားအထက်တန်းကျောင်းကြီးသို့ ဆိုက်ရောက်ခဲ့ကြသည်။ အထက်တန်း ကျောင်းကြီး အောက်ထပ်တွင် ရန်ကုန်မြို့မှ ခြေလျင် ချီတက်လာသော လက်ရုံးတပ်သားများ ရောက်ရှိနှင့်နေကြသည်။ ၁၃ နှစ်သားအရွယ် မုံရွာနယ် မုံရွေးကြေးမုံမှ သခင်သန်းဆွေကလေးလည်း လက်ရုံးတပ်သားအဖြစ် ပါရှိလာ၏။

mgyoe.com

(ယနေ့ (ဝါ) လွတ်လပ်ပြီးသော ယနေ့တွင် သူသည် ရှေးဟောင်းယဉ်ကျေးမှု အရာရှိတစ်ဦး ဖြစ်နေ၏။) မုံရွာစီရင်စု ဘုတလင်မြို့မှ လက်ရုံးတပ်ဗိုလ်အဖြစ် တက်ရောက်လာသော သခင်ဖုန်းမိုးမှာ စစ်ရေးပြပွဲသို့ မတက်ရောက်သဖြင့် ရန်ကုန်ဌာနချုပ်မှ လက်ရုံးတပ် ဗိုလ်ချုပ် သခင်ဗသာက အရေးယူပြီး ကွာတားချလိုက်သည်။ တစ်နည်းအားဖြင့် အချုပ်ခန်းသို့ ပို့လိုက်သည်။ ထိုအခါ သခင်ဖုန်းမိုးက စေတနာ့ဝန်ထမ်း လက်ရုံး တပ်သားဖြစ်၍ အချုပ်ခန်းသို့မဝင်ဟု ငြင်းဆန်လေတော့သည်။

သခင် ဝိဇယနှင့် သခင်စိုးဝင်းတို့အား ရောက်ရှိနေနှင့်ပြီဖြစ်သော မုံရွာမြို့ တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်ကျော်သိန်းက ကျောင်းအောက်ထပ်တွင် နေရာချပေးပြီး ဧည့်ခံကော်မတီထံသို့ ခေါ်သွား၏။ ကိုယ်စားလှယ်စာရင်း သွင်းကြရ၏။ သခင်ဝိဇယ စားသောက်ရန်အတွက် သာယာဝတီမြို့ ဒိစကြိတ်ကောင်စီရုံးစာရေးကြီး သခင်စောလှ၏ အိမ်တွင် သွားရောက်စားသောက်ရန် စီစဉ်ထားပေး၏။

ထိုညတွင် သခင်စိုးဝင်းမှာ ထမင်းထုပ်ကို စားသောက်၍ မောပန်းလာသူများပီပီ အိပ်စက်ကြ၏။ လက်ရုံးတပ်သားများက ကျောင်းဝင်းထဲတွင် ဖြန့်၍ ကင်းစောင့်ကြ၏။ ၁၂ နာရီခန့်တွင် လက်ရုံးတပ်သားများ ပြေးကြ လွှားကြသည်၊ အော်ကြ ဟစ်ကြသည်။

"ဘာဖြစ်ကြတာလဲ"

"မသင်္ကာသူများ ဝင်လာလို့ လိုက်ကြတာပါ"

ဤညီလာခံ ကျင်းပရာ ကျောင်းနှင့်မနီးမဝေးတွင် တည်ရှိသော ပန်းဆွဲဘုန်းတော်ကြီးကျောင်းတွင် သခင်ဗစိန်ကြီးမှူးသော တို့ဗမာအစည်းအရုံးမှ တောင်သူလယ်သမားညီလာခံ စင်ပြိုင် ကျင်းပနေလေသည်။

နောက်တစ်နေ့နံနက်တွင် ခပ်စောစော လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ပြီး ဧည့်ခံကော်မတီဥက္ကဋ္ဌ သခင်မြအိမ်သို့ သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့ သွားရောက်ကြ၏။ မုံရွာစီရင်စုမှ ကိုယ်စားလှယ်များဖြစ်ကြောင်း ပြောကြား၍ အပေါ်ထပ်သို့ တက်သွားကြရင်း အိမ်ဦးခန်းတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို တွေ့ရ၏။ မိမိမှာ မည်သူမည်ဝါဖြစ်ကြောင်း အစုံအလင် သခင်ဝိဇယက ပြောပြရာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလေသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ တပည့်ဖြစ်ကြောင်းကို သိရှိရသဖြင့် သခင်ကိုယ်တော်မှိုင်းက အထူးတလည် ခင်မင်ရင်းနှီးသွား၏။ ပရိသတ်နှင့် စကားပြောရာတွင်လည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "ဟုတ်တယ်မို့လား သခင်ဝိဇယ" ဟုသူ့အား

mgyoe.com

တိုင်တည်ပြီး စကားနာခံပြုလုပ်လာ၏။ ၈ နာရီခန့်တွင် ညီလာခံကျင်းပရာ အထက်တန်းကျောင်းသို့ ပြန်ကြလာ၏။ နံနက် ၈ နာရီတွင် သုံးရောင်ခြယ် တူတံစဉ် အလံတော်ကို အလေးပြုခြင်းဖြင့် ညီလာခံကို စတင်ဖွင့်လှစ်သည်။ ဒေးဒရဲမြို့ ဗမာ့လက်ရုံးတပ်က ဘင်ခရာတီး၍ ဗမာ့လက်ရုံးတပ် ဗိုလ်ချုပ် ဗိုလ်ဗသောက အလံကို တင်လိုက်သည်။ နာယကကြီး သခင်ကိုယ်တော်မှိုင်း၊ ဉက္ကဋ္ဌ သခင်လေးမောင်၊ အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်း အစရှိသော နယ်အရပ်ရပ်မှ တက်ရောက်လာသော ကိုယ်စားလှယ်များ၊ ဗမာ့လက်ရုံးတပ်သားများက အလံတော်ကို အလေးပြုကြသည်။ တို့ဗမာအစည်းအရုံး အလံတော်ကား လေထဲတွင် တလွင့်လွင့်။ ညီလာခံကြီးကို ဉက္ကဋ္ဌ သခင်လေးမောင်က သဘာပတိ၊ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းက အခမ်းအနားမှူး ဖြစ်သည်။ ယင်းညီလာခံတွင် နာယက ဆရာကြီး သခင်ကိုယ်တော်မှိုင်းက မိန့်ခွန်းမြွက်ကြားသည်။

ဦးလှစောအိမ်မှ ဆွမ်းဘုဉ်းပေးရန် ဖိတ်ခေါ်လာသော လူငယ်တစ်ယောက်ကို တွေ့ရ၏။ ကျိုက်လတ်မှ တက်ရောက်လာသော သခင် ရေဝတနှင့် မုံရွာမှ သခင်ဝိဇယ နှစ်ပါး စာအုပ်တစ်အုပ်စီ ကိုင်ဆွဲလာကြ၏။ သခင်ရေဝတလက်တွင် သခင်ဘသောင်း ရေးသော ပန်းသာမစာဥနှင့် သခင်ဝိဇယ ကိုင်ဆွဲလာသော စာအုပ်မှာ နဂါးနီစာအုပ်တိုက်ထုတ် လက်ဝဲစာအုပ်။

အိမ်သို့ရောက်သောအခါ ဦးစောလှတို့ ဇနီးမောင်နှံက လက်စုံမိုးရှိခိုးပြီး ဆွမ်းပွဲသို့ ပင့်၏။ ဖြစ်ကတတ်ဆန်းမဟုတ်ဘဲ အရသာစုံစွာ ချက်ပြုတ်ထားသော ဆွမ်းပွဲကို တွေ့ရ၏။ ဆွမ်းမစားမီ ရေချိုးချင်သောကြောင့် သစ်ပင်အောက်ရှိ စည်ပိုင်းကြီးမှ ရေကို ချိုးကြ၏။ နေ့တိုင်း တပည့်တော်အိမ်သို့ ဆွမ်းဘုဉ်းပေးကြွရန် ထပ်မံဖိတ်ကြား၏။ ညီလာခံကျင်းပရာ ကျောင်းနှင့်မဝေးသဖြင့် လက်ဖက်ရည် သောက်ရန်နှင့် ရေချိုးရန်လည်း လာရောက်ရန် ပျူငှာစွာ ပင့်ဖိတ်လိုက်သည်။ ညီလာခံမဏ္ဍပ်တွင် ဂီတစိမ်းမောင် အစရှိသော အဆိုတော်များက မျိုးချစ်စိတ်တက်ကြွစေသော နိုင်ငံရေးသီချင်းများကို သီဆို၍ ကိုယ်စားလှယ် အသီးသီးက စင်မြင့်ပေါ်တွင် ဟောပြောလျက် ရှိကြလေသည်။ မုံရွာ စီရင်စု မုံရွေးမှ သခင်သာဦးသည် (ဂျပန်ခေတ် ဖက်ဆစ်တော်လှန်ရေးတွင် မော်လမြိုင်ထောင်၌ ဂျပန်တို့၏ သတ်ဖြတ်ခြင်း ခံရသူ) ခေါင်းပေါင်းကြီး တလွင့်လွင့်နှင့် အစည်းအဝေး သဘာပတိ အဖြစ် ဆောင်ရွက်နေသည်ကို တွေ့ရ၏။ ညနေပိုင်းတွင် ရန်ကုန်မှ သခင်သုမနက ရဲရဲတောက် ဟောပြောသည်။ သူ့ဟောပြောချက်ထဲတွင် မကြာခဏဆိုသလို ပင် မြန်မာနိုင်ငံ ဘုရင်ခံ ကော့ကရိမ်းထံ လှမ်း၍ လှမ်း၍ သူ့သမီးကို တောင်းဆို၏။

mgyoe.com

"သခင်စိုးဝင်းရေ ဘုရင်ခံကလာပြီး သူ့သမီးကို ထိုးအပ်ရင် ကျုပ်တို့ တို့ဗမာ အစည်းအရုံးထဲမှာ သခင်တစ်ယောက် လျော့သွားမှာပေါ့"ဟု သခင်ဝိဇယက ပြောရာ သခင်စိုးဝင်းက 'ဟဲ' ခနဲ ရယ်လိုက်သည်။

ညအချိန်တွင် အထက်တန်းကျောင်း၏ အပေါ်ထပ် အခန်းတစ်ခန်းတွင် ဗမာ နိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့၏ အစည်းအဝေးကို ကျင်းပလေသည်။ ဗမာနိုင်ငံလုံးဆိုင် ရာ တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ရန် ညီလာခံကြီး၏ ဆုံးဖြတ်ချက် များကို ချမှတ်ရန်နှင့် ကြေညာချက်ထုတ်ပြန်ရန် ကိစ္စတို့ကို ဆွေးနွေးခြင်း ဖြစ်လေသည်။

ပထမဦးစွာ အလုပ်အမှုဆောင်အသစ်ကို ရွေးချယ်တင်မြှောက်ရန် ဆွေးနွေးကြ သည်။

၁။ သခင်ထိပ်တင် ကိုယ်တော်ကြီး။

၂။ သခင်လေးမောင်။

၃။ သခင်နုတို့မှာ ဥက္ကဋ္ဌအဖြစ် တစ်ပြေးနေကြ၏။

သို့သော် အချိန်အတန်ကြာ ဆွေးနွေးပြီးနောက် သခင်လေးမောင်ကိုပင် ဥက္ကဋ္ဌ အဖြစ် ရွေးချယ်လိုက်ကြသည်။ အတွင်းရေးမှူးကတော့ သခင်အောင်ဆန်းသာလျှင် ပြိုင်ဘက်မရှိ ဖြစ်လာလေသည်။ အမှုဆောင်အဖွဲ့သစ် ရွေးချယ်ခါနီးတွင် အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းက သူမလိုလားသူများကို ပြောပြလေသည်။

ရေနံမြေ သခင်တင်နှင့် သခင်ဘဦးတို့ကို သူ မလိုချင်ပါ။ "သူတို့က ဘိုးသာဝ နွားသိုးတွေ အရေးရှိသေးပန်းနေတာပဲ"ဟု ပြောင်ပြောင်တင်းတင်း တိုက်ခိုက်၍ ကြေညာ လိုက်လေသည်။

"ရထားပေါ်တုန်းက သခင်တင်အနေနှင့် သခင်ဗစိန်ကို ချီးကျူးတာဟာ ဒါကြောင့် နေမှာပဲ" ဟု သခင်ဝိဇယက သခင်စိုးဝင်းကိုလက်တို့၍ ပြောကြားရာ သခင်စိုးဝင်းက ခေါင်းညိတ်လိုက်သည်။

ထိုအစည်းအဝေးတွင် ရွေးကောက်လိုက်သော ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင် များတွင် မုံရွာခရိုင်မှ သခင်စိုးဝင်း(ခိုးသမ်း)၊ သခင်အောင်မြတ် (ဘုတလင်)၊ သခင်နွဲ့ (သာစည်)၊ သခင်ဗထွေး (မုံရွေး)တို့ ပါဝင်ကြသည်။

ထိုအစည်းအဝေးမှာ ညသန်းခေါင်ကျော်မှ ပြီးစီးလေ၏။ အစည်းအဝေး ပြီးသော အခါ မိမိနေရာသို့ ပြန်အိပ်ကြလေသည်။ နောက်တစ်နေ့နံနက် သခင်ဝိဇယနှင့် သခင် စိုးဝင်းတို့သည် အကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်များမှ ဝယ်ယူစားသောက်ပြီးနောက်

mgyoe.com

mgyoe.com

သာယာဝတီမြို့တွင်း သခင်မြအိမ်သို့ သွားရောက်ကြပြန်သည်။ နယ်ကိုယ်စားလှယ်များမှာ သခင်ကိုယ်တော်မှိုင်းအနီးတွင် ဝိုင်းပတ်နေကြသည်။ ဟင်္သာတမှ ကိုယ်စားလှယ် တစ်ဦးက သခင်ကိုယ်တော်မှိုင်းအား သူ့နယ်၏အကြောင်း၊ ဗမာ့နိုင်ငံရေးနှင့် ကမ္ဘာ့နိုင်ငံရေး အကြောင်းများကို အားမာန်တင်းတင်းဖြင့် ပြောပြနေလေသည်။ တစ်နာရီလောက် ကြာသောအခါ သခင်ကိုယ်တော်မှိုင်းအား ဦးခိုက်၍ ပြန်သွားလေ၏။ သူ ပြန်သွားသောအခါ သခင်ကိုယ်တော်မှိုင်းက...

"သခင်ဝိဇယရေ...ဒီလိုလူနဲ့ ပေါင်းရမယ်၊ ကိုယ်အပြောရ သက်သာတယ် မဟုတ်လား" ဟု ဩဝါဒပေးလေ၏။

သခင်မြအိမ်မှ ပြန်လာပြီး သခင်ဝိဇယက သခင်ရေဝတနှင့်အတူ ဦးလှစော အိမ်သို့ ဆွမ်းဘုဉ်းပေးရန်သွားပြီး သခင်စိုးဝင်းကမူ အထက်တန်းကျောင်းသို့ ပြန်၍ နံနက်စာကို စား၏။

ညီလာခံတွင် ကိုယ်စားလှယ်အသီးသီး မိန့်ခွန်းပြောကြားပြီး မုံရွာကိုယ်စားလှယ်များအတွက် သခင်ဗထွေး (မုံရွေး)က မိန့်ခွန်းပြောကြား၏။

ဘူးသီးကြော်ဆိုင်များတွင် သာယာဝတီစီရင်စုမှ တက်ရောက်လာကြသော တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် တွေ့ဆုံကြရသည်။ ဂဠုန်ဆရာစံ သူပုန်ဘဝမှ စပြီး ယနေ့တိုင် ဆင်းသက်လာသော တော်လှန်ရေး အတွေ့အကြုံများနှင့် နိုင်ငံရေး အတွေ့အကြုံများမှာ သူတို့တွင် ရင့်ကျက်လှကြောင်း တွေ့ရှိရ၏။

ညနေပိုင်း ညနေပိုင်းများတွင် ညီလာခံကျင်းပရာ အထက်တန်းကျောင်း၏ အရှေ့ရှိသော ပေတစ်ရာလမ်းကြီးပေါ်တွင် အင်္ဂလိပ်ပန်ချာပီ စစ်သား ၁၀၀ လောက်သည် ဖြတ်၍ ဖြတ်၍ မြင်းစီးသွားကြ၏။

ဤညီလာခံတွင် နယ်ချဲ့က မည်မျှ ကြောက်ရွံ့ကြောင်း ဤသည်ကပင် ပြသနေ၏။ ဤညီလာခံတွင် ဗမာ့အရေးနှင့် ကမ္ဘာ့အရေးတို့ကို စဉ်းစားကြ၏။ စဉ်းစားအပြီး မကြာမီပင် ဆုံးဖြတ်ချက်များ၊ ကြေညာချက်များကို ထုတ်ပြန်ကြတော့မည် မဟုတ်ပါလော။

ညနေပိုင်း ညီလာခံပြီးဆုံးချိန်တွင် သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့သည် ရန်ကုန်ဌာနချုပ်မှ ခေါင်းဆောင်များတည်းခိုရာ သုံးဆယ်မြို့ ချောင်းထိပ်ရှိ ချစ်တီးအိမ်သို့ သွားရောက် လည်ပတ်ကြ၏။ အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းကို ချစ်တီးအိမ်၏ ပေါ်တီကိုအောက်တွင် တွေ့ရှိရလေသည်။ သူသည် တောင်ငူမြို့မှ ကိုးထောင်စံ သခင်လှမောင်ဇနီးနှင့် အာလာပသလ္လာပစကား ပြောကြားနေ၏။ ကိုးထောင်စံ သခင်လှမောင်၏ ဇနီးက သူ့ခင်ပွန်း၏ ရဲစွမ်းသတ္တိများကို ရှင်းလင်းပြောပြသည်။

mgyoe.com

mgyoe.com

သခင်လှမောင်က စာတိုက်မှ စာပို့ရာတွင် ဂျော့ဘုရင်၏ စာပို့တံဆိပ်ခေါင်းကို ပြောင်းပြန်ကပ်ပြီး အောက်မှ 'ခွေးခေါင်းကို ပြောင်းပြန်ကပ်လိုက်သည်' ဟူ၍ ရေးသားလိုက်သဖြင့် အင်္ဂလိပ်နယ်ချဲ့က ထောင်ချလိုက်ပုံများလည်း ပါ၏။ သူ ပြောသည်က တစ်မျိုး၊ သခင်အောင်ဆန်း ပြောသည်က တစ်မျိုး။ နိုင်ငံရေးတက်ကြွရန်၊ လူထုကို စည်းရုံးရန်နှင့် လက်နက်ကိုင် တော်လှန်ရေးအတွက် ပြင်ဆင်ရန်တို့ကိုသာ အဆက်မပြတ် ပြောကြားနေ၏။

သခင်စိုးဝင်းက သခင်အောင်ဆန်းအား (ထိုစဉ်က အောင်ဆန်းဟု ခေါ်ဝေါ်ရေးသားခြင်းမပြုဘဲ အောင်စန်းဟူ၍သာ ခေါ်ဝေါ်ရေးသားကြလေသည်။) သူ၏ တို့ဗမာအစည်းအရုံး နှစ်ပတ်လည်အစီရင်ခံစာ ရေးသားမှုမှာ လွန်စွာပင် နိုင်ငံရေးသဘောသက်ဝင်သည်၊ စေ့စပ်သည်၊ ပိရိသည်၊ သပ်ရပ်သည် ဟူ၍ ချီးကျူးစကား ပြောကြားသည်။ ထိုအခါ သခင်အောင်ဆန်းက ဘာမျှပြန်မပြောပေ။ ပြုံးလေ့ပြုံးထမရှိသော သူ့မျက်နှာမှာ ကျေနပ်စွာ ပြုံးနေသည်ကိုသာ တွေ့ခဲ့ရသည်။

နောက် ဆက်လက် စကားပြောကြားရင်း သခင်စိုးဝင်းက မုံရွာအပြန်တွင် ခရီးစရိတ် ချို့တဲ့နေသဖြင့် တို့ဗမာအစည်းအရုံးဝင် လက်မှတ်များကို စောင်ရေ ၅၀ လောက် အကြွေးပေးလိုက်ရန် ပန်ကြားသည်။

ပြုံးနေသော သခင်အောင်ဆန်း၏ မျက်နှာ ခပ်တည်တည် ဖြစ်သွားပြီး...

"အကြွေးတော့ မရဘူး သခင်စိုးဝင်း၊ ကျွန်တော့်ဌာနချုပ်မှာ ဒီလို ပေးလေ့ပေးထမရှိဘူး၊ လက်ငင်းငွေပေးမှ ရမယ်" ဟူ၍ ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

သူ၏ ပြတ်သားသော မျက်နှာကိုမြင်ရသဖြင့် သခင်စိုးဝင်းက ဆက်လက် ပန်ကြားခြင်း မပြုတော့ပေ။ သခင်စိုးဝင်းက လက်လျှော့လိုက်၏။

"ကဲ...တပည့်တော်တို့ အပေါ်ထပ် တက်ရအောင်"ဟု ပြောကြားပြီး သခင်စိုးဝင်းက သခင်ဝိဇယအား ချစ်တီးတိုက် အပေါ်ထပ်သို့ ခေါ်ဆောင်သွားသည်။

အပေါ်ထပ်တွင် ဌာနချုပ်ခေါင်းဆောင်များ ဟိုနေရာတစ်စု ဒီတစ်နေရာတစ်စု ရှိနေကြသည်။ အလုပ်လုပ်နေသူက လုပ်နေကြပြီး စကားပြောနေသူက ပြောလျက် လဲလျောင်းပြီး အနားယူနေသူက နေကြသည်။ နံရံအနီးတွင် လဲလျောင်းနေသော သခင်တစ်ဦးထံသို့ သခင်စိုးဝင်းက သခင်ဝိဇယအား ခေါ်ဆောင်သွား၏။ ထိုသူကား သခင်နု။

"သခင်နု နေထိုင်ကောင်းတယ် မဟုတ်လား"

"ဟုတ်ကဲ့...နေကောင်းပါတယ်"

mgyoe.com

"အရေးကြီးတဲ့ စကားလေးတစ်ခွန်း ပြောချင်လို့ပါ"

"ဟုတ်ကဲ့...ပြောနိုင်ပါတယ်၊ ဆိုပါဦး"

"ဒီလိုပါ၊ ကျွန်တော်တို့ အပြန်စရိတ် အတိအကျ ဖြစ်နေပြီး ငွေပိုငွေလျှံမပါသဖြင့် ငွေသွင်းမသွားနိုင်ပါ၊ တို့ဗမာအစည်းအရုံးဝင် လက်မှတ် ၅၀ လောက် အကြွေးပေးလိုက်စေလိုပါတယ်"

"မဖြစ်နိုင်ဘူးလို့ ထင်တယ်၊ ဌာနချုပ်မှာ အကြွေးစာရင်း မရှိဘူး"

ထိုအခါ သခင်ဝိဇယက ဝင်ပြောသည်။

"ကျုပ် တာဝန်ယူပါတယ်၊ ရန်ကုန်ကို ငွေပို့ဖို့အတွက် ကျုပ်တာဝန် လုံးလုံးထားလိုက်ပါ"

"ဟုတ်ကဲ့...ဒီလိုဆို ကျေနပ်ပါတယ်၊ ကိုယ်တော်ငွေ ပြန်ပို့ရမှာပေါ့၊ ပြန်မပို့ရင် ကိုယ်တော် ပါရာဇိကဏ် ကျမှာပေါ့"

သခင်နု ထသွားသည်။ သခင်အောင်ဆန်းနေရာမှ လက်မှတ်ထုပ်ကြီး တစ်ထုပ် ယူလာသည်။

"ကဲ...စောင်ရေ ဘယ်လောက်ယူမှာလဲ" ဟု မေးရာ သခင်စိုးဝင်းက...

"စောင်ရေ ၅၀ ယူပါ့မယ်" ဟု ပြန်ပြောလေ၏။

"ယူမယ့်ယူရင် စောင်ရေ ၁၀၀ ယူခဲ့ပါ၊ ကျုပ်တို့ တို့ဗမာအစည်းအရုံးမှာလည်း အစည်းအရုံးဝင်တွေ တစ်နေ့တခြား တိုးတက်နေတာပဲ၊ မပိုပါဘူး" ဟု သခင်ဝိဇယက ဝင်ပြောသည်။ ထိုစဉ်က လက်မှတ်တစ်စောင်လျှင် လေးပဲသာ ဖြစ်ပေသည်။

ဤသို့ဖြင့် တို့ဗမာအစည်းအရုံးဝင် လက်မှတ်ပေါင်း စောင်ရေ ၁၀၀ ကို သခင်စိုးဝင်းက ယူ၍ ပိုက်ပြီး ဆင်းလာကြသည်။

သခင်နုကို ကျေးဇူးတင်ကြသည်။ အပြန်တွင် မျက်နှာပန်းလှပြီ မဟုတ်ပါလား။ သို့ရာတွင် သခင်ဝိဇယကတော့ သခင်နုအား ပိုပြီး အထင်ကြီးခြင်း မရှိချေ။ လာပြန်ပြီ တစ်ခါ၊ တော်လှန်ရမည့်ခေတ်ကြီးတွင် ကျေနပ်အောင်ပြောပြီး "လူပေါ်လူဇော်" လုပ်နေပြန်ပြီ မဟုတ်ပါလား။ သခင်ဝိဇယလည်း မုံရွာပြန်အရောက်တွင် ငွေ ၂၅ ကျပ်ကို ချက်ချင်း စာတိုက်မှ ပို့လိုက်၏။

သခင်စိုးဝင်း ။ ။ "မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကားလို့ ဆိုထားပြီး ဌာနချုပ် သခင်ခေါင်းဆောင်တွေ ကိုယ်တိုင်က တော့ အင်္ဂလိပ် စကားတွေ တယ်ပြောပါလား"

mgyoe.com

mgyoe.com

သခင်ဝိဇယ ။ ။ "ဓနရှင်ပေါက်စ ပညာတတ်တွေကိုး" ဆရာစံ သူပုန်ထတုန်းကတော့ ပဒေသရာဇ် ပညာတတ်တွေက ခေါင်းဆောင်ခဲ့ကြတယ်၊ ခုတော့ ဓနရှင်ပေါက်စတွေက တော်လှန်ရေးကို လက်လွှဲခံယူလိုက်ကြတယ် မဟုတ်လား"

သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့ နှစ်ယောက်သည် နေဝင်ရီသရောအချိန်တွင် ပြန်လာကြ၏။ လမ်းတွင် နောက်မှလိုက်လာသော ကားနက်ကလေးတစ်စီးက ထိုးရပ်၏။ တံခါးဖွင့်ပေးပြီး တက်ကြပါဟု ဆို၏။ သူကား သာယာဝတီခေါင်းဆောင် သခင်မြဖြစ်၏။ နေရေးထိုင်ရေး အဆင်ပြေရဲ့လားဟုလည်း သူက မေး၏။ အဆင်ပြေပါသည်၊ ကျေးဇူးတင်ပါသည်၊ သခင်မြ၏ စည်းရုံးရေးစွမ်းရည်ကိုလည်း ချီးကျူးပါသည်ဟု ပြန်လည် ပြောကြားလိုက်၏။ နောက်ထပ် အပိုစကား မပြောကြားကြတော့ပေ။ သူ့မှာလည်း ညီလာခံကြီးအတွင်း ခေါင်းတွင် အလုပ်ရှုပ်နေသည် ဖြစ်၏။ မုံရွာမှ ကိုယ်စားလှယ်နှစ်ဦးမှာလည်း ကိုယ့်အတွေးနှင့်ကိုယ် လိုက်ပါလာကြ၏။

အထက်တန်းကျောင်းသို့ ပြန်အရောက်တွင် မကြာမီပင် ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင် အစည်းအဝေး စတင်တော့၏။ ဒေါက်တာဘမော် ခေါင်းဆောင်သော အဖွဲ့နှင့် ပူးပေါင်းဖွဲ့စည်းထားသော ဗမာ့ထွက်ရပ်ဂိုဏ်းကို အတော်များများ ဝေဖန်ပြောကြားကြ၏။ ထိုပုဂ္ဂိုလ်များတွင် အထူးသဖြင့် အထက်ဗမာပြည်မှ ကိုယ်စားလှယ်များ ဖြစ်ကြ၏။

ထိုအစည်းအဝေးတွင် ဥက္ကဋ္ဌသစ် သခင်လေးမောင်က သဘာပတိအဖြစ် ဆောင်ရွက်၍ လေရှည်နေသော တောင်ငူမှ သခင်ကြွယ်အား သူက စကားရပ်ရန် ပြောသည်။ ထိုအခါ သခင်ကြွယ်က ချုပ်ချယ်တယ် မခံချင်လို့ သခင်လုပ်ခါမှ ဒီမှာလာပြီး ချုပ်ချယ်တာနှင့် တွေ့ရတယ်ဟု ပြန်လည် ချေပ၏။

အထက်ဗမာပြည်မှ ကိုယ်စားလှယ်အချို့သည် အစည်းအဝေးပြီး၍ ပြန်လာသောအခါ သာယာဝတီမြို့ထဲတွင် ဆွေးနွေးတိုင်ပင်မည်ဖြစ်၍ ထိုအစည်းအဝေးသို့ တက်ရောက်ရန် သခင်ဝိဇယအား ဖိတ်၏။

"ဒီကိုယ်တော်က နဂါးနီထုတ် စာအုပ်တွေ ဖတ်နေတာ တယ်တော့ မလွယ်ဘူး" ဟု လူတစ်ယောက်က မှတ်ချက်ချ၏။

သခင်ဝိဇယမှာ ထိုအစည်းအဝေးသို့ မတက်ရောက်ဘဲ အိပ်ပျော်သွား၏။

ထိုညီလာခံကြီးတွင် နယ်ချဲ့စစ်ပွဲ ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေး အရယူရေး ကိစ္စများပင် အဓိကထား၍ ဆွေးနွေးကြသည်။

mgyoe.com

mgyoe.com

နောက်တစ်နေ့ နံနက်တွင် အိပ်ရာကနိုး၍ မျက်နှာသစ်ပြီး အကြော်ဆိုင်ဝင်ပြီး နောက် လက်ဖက်ရည်ဆိုင် သွားကြသည်။ ထို့နောက် သခင်မြအိမ်သို့၊ သခင်ကိုယ်တော်မှိုင်းနှင့် တွေ့ရသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အိမ်သာဝင်ရာမှ တော်တော်နှင့် ထွက်မလာသေးပေ၊ စောင့်နေရသေး၏။ သို့သော်လည်း ထွက်မလာသေးပေ။

ညီလာခံ ဖွင့်ပိတ်ပွဲကြီးက စတင်တော့မည်။ သို့သော် နာယကကြီးက အိမ်သာထဲမှ တော်တော်နှင့် ထွက်မလာချေ။ တပည့်များက ခေါ်ထုတ်ယူရ၏။ အတွင်းတိုက်ပွဲကလေး စတင်နေဟန် ရှိ၏။ ယမန်နေ့ညက အမှုဆောင် အစည်းအဝေးတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း နယ်တစ်နယ်၌ အရိုက်ခံရသည်ကိုပင် ပြစ်တင်ရှုတ်ချရန် သခင်အချို့က အဆိုတင်သွင်း၏။ ဒါကို သခင်အောင်ဆန်းက လက်မခံချေ။ အရေးကြီးလှသော ဗမာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေး အခြေအနေတွင် ပုဂ္ဂိုလ်ရေးကို ဦးစားမပေးလိုသော သခင်အောင်ဆန်း ဖြစ်ဟန်တူသည်။ မကြာမီပင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကြွရောက်လာကာ ညီလာခံအခမ်းအနားကို နိဂုံးချုပ် မိန့်ခွန်း ပြောကြားလိုက်ပါသည်။

ထိုနေ့ည ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့ အစည်းအဝေးကို ကျင်းပပြန်လေသည်။ ထိုနေ့ညမှာ အရေးကြီးဆုံးသောည ဖြစ်၏။ ညီလာခံ ဆုံးဖြတ်ချက်နှင့် ကြေညာချက်များကို နောက်ဆုံး အတည်ပြုမည် မဟုတ်ပါလော။ ဆုံးဖြတ်ချက် ကြေညာချက် တစ်နေရာ၌ "ငွေပင် ငွေရင်း" ဟူသော စကားကို သုံးစွဲထား၏။ ဒါကို ခေါင်းဆောင် သခင်တစ်ဦးက ကန့်ကွက်၏။ "ငွေပင် ငွေရင်း" ဟူသော စကားကို ဖြုတ်ပစ်ပြီး ထိုနေရာ၌ "ကုန်လုပ် အရင်းအနှီး" ဟူသော စကားကို ထည့်သွင်းရမည်ဟု ဆိုလေသည်။ သူကား သခင်စိုး ဖြစ်၏။ ငွေပင်ငွေရင်းဘက်က ခေါင်းဆောင်များရှိနေသဖြင့် သခင်စိုးကလည်း အပြင်းအထန် ငြင်းဆန်နေ၏။ ထိုကိစ္စအတွက်ပင် ၂ နာရီလောက် ကြာသွား၏။ သခင်စိုးသည် ထိုင်ပြီး ပြောလိုက် ပြတင်းပေါက်နားထပြီး မတ်တတ်ရပ် ပြောလိုက်နှင့် အတော်ပင် ဖွဲနပဲ ကြီးမားလှပေ၏။ ဒေါက်တာဘမော်နှင့် ပူးပေါင်းရေး မပူးပေါင်းရေး (ဝါ) ထွက်ရပ်ဂိုဏ်းထဲ ပါရေး မပါရေးတို့ကို ဆွေးနွေးရာတွင် ဒေါက်တာဘမော်နှင့် မပေါင်းရေး အဆိုရှင် သခင်ထွန်းခင်က တင်ပြသော်လည်း မဲခွဲသောအခါ အဆိုဘက်မှ ရှုံးနိမ့်သွားသည်။ ထိုအဆိုပါ မုံရွာခရိုင် ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင် ၄ ဦးစလုံးက အဆိုဘက်မှ မဲပေးကြပြီး ဤသို့ဖြင့် ဒေါက်တာဘမော်နှင့် ပူးပေါင်းရေး အောင်မြင်သွား၏။ နံနက် ၄ နာရီထိုးမှ အစည်းအဝေး ပြီးသွားတော့၏။

"ကဲ…ဒီအခန်းထဲမှာပဲ ခဏတာ အိပ်ကြပေတော့"ဟု ဥက္ကဋ္ဌက ပြောသဖြင့် ၂နာရီ ၃ နာရီခန့်မျှ လှဲအိပ်လိုက်ကြသည်။ သခင်နုက သခင်ဝိဇယ၏ ခြေရင်းတွင် အိပ်သည်။

mgyoe.com

mgyoe.com

"ဒီနေရာမှာ အိပ်ခွင့်ပြုပါ ကိုယ်တော်"ဟု သခင်ဝိဇယထံ ခွင့်တောင်း၏။ "ခြေရင်းမှာ အိပ်တာ ခွင့်တောင်းစရာ မလိုပါဘူးဗျာ"ဟု သခင်ဝိဇယက ပြန်လည် ဖြေကြားလိုက်၏။ သူများတကာ အိပ်ပျော်နေကြပြီ ဖြစ်သော်လည်း သခင်နုက တရှောက်ရှောက်နှင့် ပုတီးစိပ်တုန်း။

ညီလာခံကြီးကား ပြီးဆုံးသွားပါပြီ။ သာယာဝတီသုံးဆယ် လူထုအား ရုပ်ရှင်ရုံတစ်ရုံတွင် ပဋ္ဌမအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ညီလာခံ၏ ဆုံးဖြတ်ချက်များနှင့် ကြေညာချက်များကို ဖတ်ပြ၏။

နောက်တစ်ရက် ပြန်မည်ဖြစ်သဖြင့် ညနေပိုင်းတွင် ဆွမ်းဒါယကာ ဦးလှစောအိမ်သို့သွားပြီး နှုတ်ဆက်ကြ၏။ သခင်ကိုယ်တော်မှိုင်းနှင့် သခင်မြတို့ကိုလည်း သွားပြီး နှုတ်ဆက်ကြ၏။ ထိုည အိပ်ရာဝင်ခါနီးတွင် သခင်စိုးဝင်းသည် သခင်ဝိဇယကိုခေါ်၍ လက်ဖက်ရည်ဆိုင်သို့ သွားသည်။ သူ့အတွက် ကော်ဖီတစ်ခွက်မှာ၍ သခင်ဝိဇယအတွက် ဘိလပ်ရည် မှာသည်။

"ကိုင်း...ကိုယ်တော်ရေ၊ သခင်ကျော်သိန်း အစရှိတဲ့ မုံရွာက ကိုယ်စားလှယ်တွေကို နှုတ်ဆက်မနေဘဲ မနက်စောစောထပြီး ဘူတာဆင်းကြည့်ရအောင်၊ အပြန်မှာ ပြည်ဘက်က လှည့်ပြီး တောင်တွင်းကြီး ပျဉ်းမနားဘက်က ပြန်မယ်။ သူတို့မှာလည်း ခရီးစရိတ် လုံလုံလောက်လောက် ပါဟန် မတူဘူး။ သူတို့က တပည့်တော်တို့နဲ့အတူ လိုက်လာရင် လမ်းမှာ ဘိုင်ကျပြီး သောင်တင်နေလိမ့်မယ်။ အဲဒါ ကိုယ်တော် သဘောပေါက်တယ်မို့လား"

သခင်ဝိဇယက ခေါင်းညိတ်လိုက်ရ၏။ "ဒီလိုဆို ပြည်ထိအောင် လက်မှတ် မယူနဲ့ဦး၊ လက်ပံတန်းထိအောင် လက်မှတ်ယူ၊ လက်ပံတန်းမှာ အစ်မကြီး ဒေါ်လုံ ရှိတယ်။ ကျုပ်ရဲ့ညီငယ် စိန်ထွန်းလည်း အဲဒီမှာရှိတယ်။ သူတို့ကို နှုတ်ဆက်ချင်သေးတယ်"ဟု သခင်ဝိဇယက ပြောပြရာ သခင်စိုးဝင်းကလည်း "အာမဘန္တေ" ခံလိုက်၏။

သာယာဝတီနှင့် လက်ပံတန်းကား မီးရထားကြာကြာစီးရသော ခရီးမဟုတ်ပေ။ ဘူတာအရောက်တွင် အစ်မ၏အိမ်သို့ မေးမြန်းပြီး လျှောက်သွားကြ၏။ ယောက်ဖကြီးက လှမ်းပြီး နှုတ်ဆက်သည်။ အစ်မကြီးနှင့် ညီများ တူများ ဝိုင်းလာကြသည်။ ယောက်ဖ၏ အမည်မှာ ကိုဘအုံး ဖြစ်၏။ သို့သော် သူသည်လည်း ထိုအချိန်တွင် သခင်ဘအုံး ဖြစ်နေ၏။ သခင်ချင်းတူကြသော်လည်း သူက သခင်ဗစိန်ဂိုဏ်းမှ သတင်းသခင်ဘအုံးက မေး၏။

"ကဲ...ဘယ်က လာကြတာဟုံး"

mgyoe.com

mgyoe.com

"သာယာဝတီ ညီလာခံကလေ"

"ဟာ...တယ်ဟုတ်ပါလား၊ ကဲ...သခင်စိုးဝင်း ဆိုစမ်းပါဦး၊ ခင်ဗျားတို့ ညီလာခံဘာဖြစ်လို့ ပျက်မသွားတာတုံး"

"ကဲ...ဒါဖြင့် သခင်ဘအုံး ဆိုစမ်းပါဦး"

"သခင်လေးမောင် ဥက္ကဋ္ဌ ဖြစ်လို့ပေါ့ဗျာ"

"သခင်လေးမောင် ဥက္ကဋ္ဌ မဖြစ်ရင်ကော"

"သခင်လေးမောင် ဥက္ကဋ္ဌမဖြစ်ဘဲ မောင်နုသာဖြစ်ရင် ပန်းဆွဲကျောင်းထဲမှာ ကျင်းပနေတဲ့ ကျုပ်တို့ လယ်သမားညီလာခံက လူတွေ ဝင်ရိုက်ပြီး ဖျက်ပစ်ဖို့ ကြံစည်ထားတာကိုး"

"ဟုတ်ပေစွ"ဒီကိုရောက်မှ ပန်းဆွဲ လယ်သမားညီလာခံကြီး အကြောင်းကို ကောင်းကောင်း သိရတော့တယ်"

ဤအတိုင်း ဟုတ်မဟုတ်တော့ ယနေ့တိုင် အသေအချာမသိရသေးချေ။ သခင်ဘအုံးက မိမိတို့ ခိုးသမ်းရွာသားများအနေနှင့် သခင်များဖြစ်လာသည်အထိ အောင်မြင်ပြီး ညီလာခံသို့ ကိုယ်စားလှယ်လွှတ်နိုင်အောင်ပင် အင်အားတောင့်တင်းနေသဖြင့် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြု၏။ သို့ရာတွင် သူ့စိတ်ထဲ၌ စနောင့်စနင်း၊ သခင်ဂိုဏ်းချင်းမတူဘဲကိုး။

သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့အား ကောင်းမွန်စွာ ပြုစုစောင့်ရှောက်၏။ သူ့ဂိုဏ်းကောင်းကြောင်း၊ ကိုယ့်ဂိုဏ်းကောင်းကြောင်း ပြောကြ၏။ သို့ရာတွင် လွတ်လပ်ရေးပန်းတိုင်က အတူတူပင်။ ထို့ကြောင့် မတူတာပယ်၍ တူတာကိုညှိနှိုင်းပြီး သဘောတူညီချက်ရကြ၏။

နောက်တစ်နေ့မနက် လက်ပံတန်းမှ ပြည်မြို့သို့ လက်မှတ်ခံပြီး ပြန်လာကြ၏။ ယောက်ဖကြီးနှင့် ညီငယ်က ဘူတာသို့ လိုက်ပို့၏။ ရထားပေါ်တွင် သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့ အာလာပသလ္လာပ စကားပြောကြ၏။

"ကဲ...သခင်စိုးဝင်း သူ့အိမ်ရောက်ရောက်ချင်း ညီလာခံအကြောင်း သခင်ဘအုံး ပြောလိုက်တာလေးကို ဘယ်လို သဘောရသလဲ"

"သူ ပြောတဲ့အတိုင်း ဟုတ်ပါလိမ့်မယ်"

"သခင်နှစ်ဂိုဏ်း ကွဲတာတော့အမှန်ပဲ၊ ဒါပေတဲ့ ရန်သူကွဲ ကွဲတာ မဟုတ်ဘဲ သဘောချင်းမတူတဲ့ ညီအစ်ကိုချင်း ကွဲတဲ့သဘောမျိုး"

"ဘယ်လိုသဘောရလို့လဲ"

mgyoe.com

"ရန်သူကွဲ ကွဲတယ်ဆိုရင် သခင်လေးမောင် ဥက္ကဋ္ဌဖြစ်ဖြစ် မဖြစ်ဖြစ် ပန်းဆွဲကျောင်းထဲက လယ်သမားကြီးတွေက တက်ဖျက်မှာပေါ့၊ ခုတော့ ဒီလိုမဟုတ်ဘဲ မောင်နုတက်ရင်သာ တက်ဖျက်မယ်ဆိုမို့လား။ ဒါဟာ သဘောချင်းမတူတဲ့ ညီအစ်ကိုကွဲ ကွဲတဲ့အကြောင်းဖြစ်တာပဲ။ တစ်နေ့ကျတော့ ပြန်ပေါင်းမိကြမှာပါလေ"

"အင်း...ဟုတ်ပါရဲ့လေ"

ပြည်ဘူတာသို့ ဆိုက်ရောက်သောအခါ ၁၀၁ မိုင်ဝေးသော တောင်တွင်းကြီးသို့ ထွက်သည့် ဘတ်(စ်)ကားကို ပြောင်းစီးကြသည်။ ပြည်မှအထွက်တွင် ရှုမျှော်ခင်းများ သာယာလှ၏။ အာလံမှ တောင်တွင်းကြီးအထိ လမ်းခရီး တစ်လျှောက်တွင်မူ ခြောက်သွေ့သည့် ကုန်းပြင်များသာ ဖြစ်လေသည်။ ဤသည်လည်း သူတို့နှစ်ဦးအဖို့ ဒေသန္တရ ဗဟုသုတ။

တောင်တွင်းကြီးသို့ ကားအဆိုက်တွင် ခိုးသမ်းသား ကိုတုတ်ခိုင်၏ ဆံပင်ညှပ်ဆိုင်သို့ မေးမြန်းပြီး လျှောက်သွားကြ၏။ ကိုတုတ်ခိုင်တို့ ဇနီးမောင်နှံက ပြုံးရွှင်စွာ ခရီးဦးကြိုပြုနေသည်ကို တွေ့ရှိရသည်။

"ဘယ်က လာကြတာလဲ"

"သာယာဝတီ သခင်ညီလာခံကလေ"

"တယ်ဟုတ်ပါလား၊ ဗဟုသုတတွေ အစုံရခဲ့မှာပေါ့"

သူသည် သူ၏ တပည့်တစ်ယောက်ကို ကိုဒေါင်းစိန်၏ အိမ်သို့အသွားခိုင်းပြီး ခေါ်ဆောင်ခဲ့ရန် မှာကြားလိုက်၏။ ကိုဒေါင်းစိန်သည် ခိုးသမ်းသားပင် ဖြစ်၏။ သူကြီးရွေးကောက်ပွဲတွင် ရှုံးနိမ့်သဖြင့် သားမယားကို စွန့်ပစ်ပြီး တောင်တွင်းကြီးမြို့တွင် အတည်အကျ လာရောက်နေထိုင်သူ ဖြစ်ပေသည်။ မကြာမီပင် ကိုဒေါင်းစိန် ရောက်လာ၏။

"သာယာဝတီ ညီလာခံက ပြန်လာကြတာဗျို့"ဟု သခင်ဝိဇယက လှမ်းပြီး နှုတ်ဆက်လိုက်သည်။

"ဟာ...တယ်ဟုတ်ပါလား၊ တပည့်တော်လည်း ဒီမြို့မှာ သခင်ဒေါင်းစိန်ပါပဲ၊ ဝမ်းသာလိုက်တာ။ မင်းကလည်း သခင်စိုးဝင်း ဖြစ်နေပြီကိုး"

"ဟုတ်ကဲ့...ကျွန်တော်လည်း သခင်စိုးဝင်း ဖြစ်နေပါပြီ၊ ခိုးသမ်းရွာ တို့ဗမာအစည်းအရုံးရဲ့ ဥက္ကဋ္ဌပေါ့"

ဤသို့ဖြင့် ခိုးသမ်းရွာ၏ အခြေအနေများကို ဒေါင်းစကြာစာဖတ်သင်း တည်ထောင်ပြီး တို့ဗမာအစည်းအရုံး ဖွဲ့စည်းခဲ့သည့်အကြောင်းများကို အစေ့အစုံ ပြန်လည်တင်ပြ

mgyoe.com

mgyoe.com

ဆွေးနွေးကြသည်။ သာယာဝတီ ညီလာခံအကြောင်းများကို သခင်ဒေါင်းစိန်က မေးမြန်း၏။

ဤသို့ဖြင့် ညမိုးချုပ်သည့်တိုင်အောင် သခင်စိုးဝင်းအား ဦးတုတ်ခိုင်အိမ်က ညစာကျွေး၏။ နောက်တစ်ရက်မနက် သူ့အိမ်သို့ ထမင်းစားရန် သခင်ဒေါင်းစိန်က ဖိတ်ကြား၏။ ပြောဆိုဆွေးနွေးနေကြသည်ကို ဦးတုတ်ခိုင်ကလည်း တပြုံးပြုံးနှင့် နားထောင်နေ၏။ ထမင်းစားပြီးနောက် လက်ဖက်ရည်ဆိုင်သွား၍ လက်ဖက်ရည်သောက်သူက သောက်၊ ဘီလပ်ရည်သောက်သူက သောက်နှင့် မခွဲနိုင်အောင် ရှိကြလေသည်။

နောက်တစ်ရက်နံနက်တွင် သခင်ဒေါင်းစိန် အိမ်သို့သွားပြီး နံနက်စာ စားကြ၏။ သခင်ဒေါင်းစိန်က သခင်ဝိဇယထံ ဒေါင်းစကြာ စာဖတ်သင်းအတွက် စာအုပ်တစ်ထုပ် လှူဒါန်းလိုက်၏။

ခိုးသမ်းရွာမှ သခင်နှစ်ဦးသည် ဘူတာသို့ လိုက်ပါပို့ဆောင်သော ဦးတုတ်ခိုင်နှင့် သခင်ဒေါင်းစိန်တို့အား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြီး ပျဉ်းမနားဘက်သို့ ထွက်ခဲ့၏။

နောက် ပျဉ်းမနားမှမန္တလေး၊ ထိုခရီးတွင် သခင်စိုးဝင်းမှာ နမ္မတူမှ မိတ်ဆွေ ဟောင်း မအုန်းရီခေါ် အမျိုးသမီးတစ်ဦးနှင့် တွေ့ရ၏။ သခင်ဝိဇယနှင့် သခင်စိုးဝင်းတို့ မီးရထားတွင် လူကျပ်သဖြင့် မတ်တတ်ရပ်၍ လိုက်ကြရ၏။

သခင်စိုးဝင်း၏ မိတ်ဆွေဟောင်း မအုန်းရီက ပြည့်ကျပ်စွာ ထိုင်နေကြသော လူများကို အတင်းတိုးပြီး ဤသို့ဖြင့် နေရာတစ်ခု ပိုကျယ်လာ၏။ သခင်စိုးဝင်းကို လာထိုင်ရန် သူက ပြော၏။ သခင်စိုးဝင်းက သူကိုယ်တိုင်မထိုင်ဘဲ သခင်ဝိဇယအား သွားထိုင်ရန် ပြော၏။ ထိုမအုန်းရီက အတန်ကြာသောအခါ နောက်တစ်ခါ တိုးပြန်၏။ ဤသို့ဖြင့် လူတစ်ဦးထိုင်ရန် နေရာရလာ၏။ သခင်စိုးဝင်းလည်း နေရာရပြန်သည်။

သူတို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြားရင်း မန္တလေးဘူတာသို့ ဆိုက်ရောက်လာ၏။ မန္တလေးမှ မုံရွာ၊ မုံရွာမှခိုးသမ်းသို့ ချောချောမောမော ပြန်လည် ဆိုက်ရောက်ခဲ့ကြပေသည်။

တို့ဗမာအစည်းအရုံးမှ သခင်အပေါင်းက လှိုက်လှဲစွာ ခရီးဦးကြိုပြုကြ၏။ မိတ်ဆွေ သင်္ဂဟအပေါင်းကလည်း ထိုစဉ်က ရောက်တောင့်ရောက်ခဲကြရသော မန္တလေး ဗဟုသုတ၊ ရန်ကုန်ဗဟုသုတ၊ သာယာဝတီဗဟုသုတ စသည်တို့ကို မေးမြန်းကြသဖြင့် ဖြေကြားရသည်မှာ တမောပင်။

နောက်တစ်နေ့တွင် တို့ဗမာအစည်းအရုံးဝင် သခင်အပေါင်းတို့အား ဖိတ်ကြား၍

mgyoe.com

သာယာဝတီညီလာခံ အတွေ့အကြုံ ဗဟုသုတ အကြောင်းအရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သခင်စိုးဝင်းက သာယာဝတီညီလာခံမှ ချမှတ်လိုက်သော 'ကမ္ဘာစစ်နှင့် ဗမာ့လွတ်လပ်ရေး ဆုံးဖြတ်ချက်'ကို ဖတ်ပြသည်။

ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဗဟိုဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့၏ နိုင်ငံရေး အစီရင်ခံစာကို ကြားနာရပြီးနောက် ဥရောပတွင် ဖြစ်ပွားလျက်ရှိသည့် စစ်အခြေအနေကို လည်းကောင်း၊ စစ်ရေးအခြေအနေကိစ္စနှင့် ပတ်သက်ပြီး ဗြိတိသျှအစိုးရတို့၏ သဘောထားကို လည်းကောင်း၊ သေချာစွာ စဉ်းစားစီစဉ်ရေး ကိစ္စနှင့် ပတ်သက်၍ ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့နှင့် ဗဟိုဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့တို့၏ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို တို့ဗမာအစည်းအရုံး ဤညီလာခံသဘင်က လက်ခံအတည်ပြုကြောင်း။

၂။ ဗမာပြည်သူ ပြည်သားတို့၏ ဆန္ဒကို မရရှိဘဲလျက် ဗြိတိသျှအစိုးရတို့သည် ဗမာပြည်အား စစ်ထဲသို့ အတင်းဆွဲသွင်းခြင်း၊ ဗမာပြည်မှ ငွေအား၊ လူအား၊ ပစ္စည်းအားတို့ကို စစ်အတွင်း အသုံးပြုခြင်းတို့သည် လွတ်လပ်ရေး လိုလားပြီး ဇာတိမာန်ရှိသည့် မည်သည့်လူမျိုးမဆို လက်မခံနိုင်၊ သည်းမခံနိုင်သည့် စော်ကားချက်များဟု တို့ဗမာအစည်းအရုံးကြီးက အထူး ယူဆကြောင်း။

၃။ ဗမာပြည်အရေးကိစ္စနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရ ကိုယ်စားလှယ်များ မကြာမီက ကြေညာခဲ့သည်တို့ကို သေချာစွာကြည့်က နယ်ချဲ့ဓနရှင်တို့၏ ရည်ရွယ်ချက်ဖြင့် ယခု ဖြစ်ပွားနေသော စစ်ပွဲကြီးကို ဗြိတိသျှအစိုးရတို့ တိုက်ခိုက်နေကြောင်း၊ ထို့မှတစ်ပါး ဗမာပြည်ကိုသာမက အိန္ဒိယပြည်၊ အာရှတိုက်၊ အာဖရိကတိုက် နိုင်ငံများကို လက်ဝါးကြီးအုပ် သွေးစုပ်ချုပ်ချယ်ညှဉ်းပန်းမှုဖြင့် တည်တံ့နေသော အင်ပါယာနိုင်ငံကြီး အခွန့်ရှည်မှု၊ အင်အားကြီးမှုအတွက်သာ စစ်ပွဲတိုက်ခိုက်လျက်ရှိကြောင်း သိသိသာသာ ထင်ရှားနေပေကြောင်း။

၄။ အထက်ပါအကြောင်းတို့ကြောင့် ဤကဲ့သို့ လက်ဝါးကြီးအုပ် ချုပ်ချယ် လွှမ်းမိုးခြင်း အရှည်တည်တံ့မှုအတွက် တိုက်ခိုက်နေသော စစ်ပွဲများကို

 mgyoe.com 

တို့ဗမာ အစည်းအရုံးသည် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ သွယ်ဝိုက်ခြင်းဖြင့် လည်းကောင်း ပါဝင်ကာ အားပေးကူညီခြင်း အလျှင်းပြုလိမ့်မည် မဟုတ်ကြောင်း။

၅။ သို့အတွက်ကြောင့် ဗြိတိသျှအစိုးရသည် ဗမာပြည်မှ စစ်သားများကို နိုင်ငံချဲ့စနစ်အတွက် တိုက်ခိုက်စေခြင်း၊ ဗမာပြည်မှ လူအား ငွေအားတို့ကို စစ်အတွက် အသုံးပြုခြင်း စသည်တို့ကို တို့ဗမာအစည်းအရုံးကြီးက ပြင်းထန်စွာ ကန့်ကွက်ကြောင်း၊ ဗမာပြည်တွင် ယခုဖြစ်ပွားလျက်ရှိသော စစ်အတွက် ဗမာပြည်တွင် စစ်သားစုဆောင်းခြင်း၊ စစ်ရန်ပုံငွေ ကောက်ခံခြင်းတို့သည် တို့ဗမာများ စေတနာကောင်းဖြင့် အားပေးထည့်ဝင်စေခြင်းဟု မည်သည့်အခါမျှ မယူဆကြောင်း။

တို့ဗမာအစည်းအရုံးဝင်များသည် လည်းကောင်း၊ တို့ဗမာ အစည်းအရုံးနှင့် ပတ်သက်သူတို့သည် လည်းကောင်း ဤစစ်ပွဲအောင်ရာ အောင်ကြောင်းအတွက် လူအား ငွေအား ပစ္စည်းအားဖြင့် ကူညီပါဝင်ခြင်း ထည့်ဝင်ခြင်း အလျှဉ်းမပြုနိုင်ကြောင်း။

၆။ လုံးဝလွတ်လပ်ရေးမှလွဲ၍ မည်သည့်အရာမျိုးကိုမျှ ဗမာပြည်သူပြည်သားတို့သည် သည်းခံခြင်း ပြုလိမ့်မည်မဟုတ်ဟု တို့ဗမာအစည်းအရုံးကြီးက အတိအလင်း ကြေညာကြောင်း၊ လုံးဝ လွတ်လပ်သော ဗမာနိုင်ငံဆိုရာ၌ နိုင်ငံချဲ့ဓနရှင် စက်ကွင်းမှ လုံးဝ လွတ်လပ်ရေးကို ဆိုလိုကြောင်း၊ နိုင်ငံချဲ့ဓနရှင် စိုးမိုးအုပ်ချုပ်ရေးကို ဗမာနိုင်ငံက လုံးဝ လက်ခံလိမ့်မည် မဟုတ်ကြောင်း၊ ယင်းအုပ်ချုပ်ရေး စနစ်မျိုးမှာ ဗြိတိသျှ အစိုးရတို့ နယ်ချဲ့ဝါဒ ဓနရှင်ဝါဒ စီးပွားရေးစနစ်၏ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်ပေကြောင်း။

ဗမာပြည်သူပြည်သားတို့၏ နေရေးထိုင်ရေး အုပ်ချုပ်ရေးနှင့် အခြားနိုင်ငံများနှင့် ဆက်သွယ်ရေးကို ဗမာများသာလျှင် စီမံခန့်ခွဲရမည် ဖြစ်ကြောင်း၊ ဤသို့ စီမံခန့်ခွဲမှုမှာလည်း အရွယ်ရောက်သူ ယောကျ်ား၊ မိန်းမတိုင်းတို့၏ ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်လိုက်သော ကွန်စတီကျူးအင့်အဆင်ဗလီခေါ် တိုင်းပြုပြည်ပြု လွှတ်တော်ကြီးကသာလျှင် စီမံရမည် ဖြစ်ကြောင်း။

၇။ တို့ဗမာ အစည်းအရုံးသည် တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသည့် ချင်း၊ ကရင်၊ ကချင် စသည့် လူနည်းစုများ၏ ရသင့်ရထိုက်သော အခွင့်

အရေးတို့ကို အသိအမှတ်ပြုကြောင်း။ တိုင်းပြည်အတွင်းရှိ လူမျိုးအချင်းချင်း ညီညွတ်မှုကို တို့ဗမာအစည်းအရုံးက အစဉ်သဖြင့် ကြိုးစားလာခဲ့သလို ရှေ့ကိုလည်း ဆက်လက် ကြိုးစားမည်ဖြစ်ကြောင်း ဖြစ်ပေါ်လာသည့် ပြဿနာများကို ညှိနှိုင်း၍ စိမံရမည်။ အကယ်၍ ညှိနှိုင်းမရမှသာလျှင် အများဆုံးဖြတ်ချက်အတိုင်း ပြဋ္ဌာန်းစေရမည်ဟု ယုံကြည်ကြောင်း အခြားနည်းအားဖြင့် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း။

ဗမာပြည် အုပ်ချုပ်ရေးတွင်လည်း လုံးဝ လွတ်လပ်မှု၊ ပြည်သူ့ဆန္ဒနှင့် ညီညွတ်စည်းရုံးမှုတို့အပေါ်တွင် တည်ရမည်ဖြစ်ကြောင်း။ သို့ဖြစ်၍ ဗမာပြည်အား အစိတ်စိတ်အမြွှာမြွှာ ခွဲခြမ်း၍ လုံးပန်းမှုမှန်သမျှကို တိုက်ဖျက်ရမည် ဖြစ်ကြောင်း။ တိုင်းပြည်အတွင်းနေထိုင်သည့် လူအစုအအုပ်တိုင်းသည် လည်းကောင်း၊ တစ်ဦးချင်း တစ်ဦးချင်းသည် လည်းကောင်း အခွင့်အရေး တန်းတူပြီး လွတ်လွတ်လပ်လပ် တိုးတက်နေစေရမည့်အပြင် အခမ္မစနစ်မှန်သမျှ ကွယ်ပျောက်ကာ တရားသည့် စနစ်၊ တည်တံ့သော အုပ်ချုပ်ရေးစနစ်ကို တို့ဗမာအစည်းအရုံးက ရည်ရွယ်ကြောင်း။

၈။ ဗမာ့ လွတ်လပ်ရေး လမ်းကြောင်းတွင် စော်ဘွားစော်ခံတို့၏ အကျိုးစီးပွားတို့သည် လည်းကောင်း၊ နိုင်ငံခြားဓနရှင်တို့၏ အကျိုးစီးပွားသည် လည်းကောင်း ကန့်လန့်ခံနေပါက ယင်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုလိမ့်မည် မဟုတ်ကြောင်း။ ခြွင်းချန်ထားသော နယ်များရှိ နိုင်ငံသူနိုင်ငံသားအားလုံးတို့ထံတွင်သာ တည်ရှိရမည် ဖြစ်ကြောင်း။ ပြည်သူတို့၏ အခွင့်အရေး၊ ပြည်သူတို့၏ ဆန္ဒ၊ ပြည်သူတို့၏ အာဏာသာလျှင် အခြား အခွင့်အရေး အကျိုးစီးပွားတို့ကို လွှမ်းမိုးရမည် ဖြစ်ကြောင်း။ အုပ်ချုပ်ရေး မကျွမ်းကျင်သေးသဖြင့် နယ်များကို ခြွင်းချန်ထားကာ အခက်အခဲ တွေ့စေခြင်းမှာ ဗြိတိသျှအစိုးရတို့၏ စိမံမှုသာဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည်ကြောင်း။ ဤကဲ့သို့ ပြဿနာမျိုးများမှာလည်း ဗမာ့လွတ်လပ်ရေးကို အတိအလင်းကြေညာမှသာလျှင် ပြီးပြတ်နိုင်ပေကြောင်း။ ဗမာပြည်သူ ပြည်သားတို့၏ အကျိုးစီးပွားတို့နှင့် မဆန့်ကျင်က နိုင်ငံ၏ အကျိုးစီးပွားတို့ကို ထူထောင်ရာ၌ မည်သည့်နိုင်ငံနှင့်မဆို တန်းတူအကျိုးတူ ဆက်သွယ်ရမည်ဟု ယုံကြည်ကြောင်း။

၉။ တို့ဗမာအစည်းအရုံးကြီးက ပြည်သူတို့၏ဆန္ဒဖြင့် တည်ဆောက်အပ်သော ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံဆိုရာ၌ တိုင်းပြည်ကာကွယ်ရေးကိစ္စကို တိုင်း

mgoe.com

ပြည်သားတို့က စီမံခန့်ခွဲရမည်ဟု ဆိုလိုကြောင်း၊ သို့အတွက် ဗမာပြည်အား အုပ်ချုပ်ရန် ဗြိတိသျှအစိုးရတို့က ဖွဲ့စည်းထားအပ်သော ကုန်းတပ်၊ ရေတပ်၊ လေတပ် မှန်သမျှ ဗမာပြည်မှ ထွက်ခွာသွားစေလိုကြောင်း။ ယင်းတို့အစား ဗမာပြည်၏ ကာကွယ်ရေးအတွက်သာဖြစ်သော ပြည်သူ့တပ်များသည် အလျင်အမြန် ပေါ်ပေါက်လာရမည် ဖြစ်ကြောင်း။

၁၀။ ထို့ပြင် ဗမာပြည်အတွက် အုပ်ချုပ်ရေးစနစ်သည် လူများစုဖြစ်သော တောင်သူလယ်သမားများအဖို့ မျှတသော သီးစားခနှင့် ကြွေးမြီများ လုံးဝ ကင်းရှင်းရေးကိုသာ အသိအမှတ်ပြုရမည် ဖြစ်ကြောင်း။

၁၁။ ထိုမှတစ်ပါး တိုင်းသစ် နိုင်ငံသစ် တည်ဆောက်ရန် အုတ်မြစ်ဖြစ်သော အလုပ်သမားများအဖို့ လူတန်းစေ့နေနိုင်ရန် အခနှင့် တစ်နေ့လျှင် ရှစ်နာရီသာ ခိုင်းရမည်ဟူသော အချက်ကိုလည်း အသိအမှတ်ပြုရမည် ဖြစ်ကြောင်း။

၁၂။ တို့ဗမာအစည်းအရုံးသည် ယခုဖြစ်ပွားလျက်ရှိသော စစ်နှင့်ဗမာပြည်သည် အလျဉ်းမသက်ဆိုင်စေရန် တစ်ကြောင်း၊ နိုင်ငံခြားလွှမ်းမိုးမှုမှ လွတ်မြောက်စေရန် တစ်ကြောင်း။ ပြည်တွင်းပြည်ပ ဝါဒဖြန့်ဖြူးခြင်း၊ ဆူပူခြင်း၊ အင်အားပြခြင်းတို့ကို ဆောင်ရွက်ခဲ့စေကြောင်း။ သို့ရာတွင် ပထမ ခြေလှမ်းပြီးသည့်နောက် တစ်ဆင့်အားဖြင့် တရားသဖြင့် အာဏာဖီဆန်ရေးကို မုချ လုပ်ရတော့မည် ဖြစ်ကြောင်း။ တို့ဗမာအစည်းအရုံးကြီးသည် နိုင်ငံရေး၊ စည်းရုံးရေး အင်အားတောင့်တင်းသည်နှင့်တစ်ပြိုင်နက် သို့တည်းမဟုတ် မလုပ်လျှင် မဖြစ်သော အခြေအနေအမျိုးမျိုး ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဤခြေလှမ်းကို မဆုတ်မတွန့်ဘဲ လှမ်းတော့မည် ဖြစ်ကြောင်း။

ဤခြေလှမ်းကို လှမ်းရာ၌ စည်းကမ်းသေဝပ်မှု၊ အစည်းအရုံးအတွင်း ညီညွတ်မှုတို့ကို အစည်းအရုံးဝင်များက သေချာ ရှိသေစွာ လုပ်ကိုင်ဆောင်ရွက်မှသာလျှင် တို့ဗမာအစည်းအရုံးသည် တရားသော အာဏာဖီဆန်ရေးကို တာဝန်ယူ၍ ဆောင်ရွက်ရာကျမည် ဖြစ်ကြောင်း။

၁၃။ တို့ဗမာအစည်းအရုံးသည် တိုင်းပြည်အတွင်းရှိ လူမျိုးမရွေး၊ ဘာသာမရွေး အမျိုးသား အားလုံးတို့သည် လွတ်လပ်ရေး တိုက်ပွဲကြီးတွင် ပါဝင်လိမ့်မည်ဟု ယုံကြည်ကြောင်း။ တရားသဖြင့် အာဏာဖီဆန်ခြင်းမှာလည်း တစ်တိုင်းလုံးတွင် စွန့်စားလိုသည့် စိတ်ဓာတ်များ ပြန့်ပွားပေါ်ပေါက်စေခြင်းပင် ဖြစ်ကြောင်း။

mgyoe.com

mgyoe.com

၁၄။ အဆိုပါ လုပ်ငန်းကြီး အောင်မြင်ရေးအတွက်...

(က) စစ်ရေးကိစ္စနှင့်ပတ်သက်၍ လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ လည်းကောင်း တို့ဗမာအစည်းအရုံးကြီး၏ သဘောထားကို အနှံ့အပြား သိအောင် လုပ်ခြင်း။

(ခ) အထက်ပါ လိုလားချက်များကို ရရေးအတွက် တစ်တိုင်းတစ်ပြည်လုံး အင်အားနှင့်လုပ်ရန် အရေးကြီးသည့်အတိုင်း တစ်တိုင်းတစ်ပြည်လုံး ပါဝင်သည့် တောင့်တင်းခိုင်မာသော အမျိုးသား အစည်းအရုံးကြီး ပေါ်ပေါက်စေခြင်း။

(ဂ) ရှမ်း၊ ချင်း၊ ကချင်၊ ကရင် စသော လူနည်းစုများနှင့် ရင်းနှီးစွာ ဆက်သွယ်ခြင်း။

(ဃ) ဒေသအလိုက် အမျိုးအစားအလိုက် ဖြစ်ပေါ်လျက်ရှိသော အရေးတော်ပုံကလေးများကို အပြန်အလှန်ကူညီခြင်းဖြင့် ပူးတွဲဆက်စပ်ပေးခြင်း။

(င) ကျောင်းသား၊ လူငယ်၊ အမျိုးသမီး စသည်တို့ကို စည်းရုံးပြီး တိုင်းပြည်၏ လိုလားချက်ကို တောင်းခံစေခြင်း။

(စ) ခွင်းချန်ထားသော နယ်များကို ပြည်သူ့လွတ်လပ်မှု ရရှိစေရန် ပြည်သူ့ဆန္ဒအရ တည်ထောင်သော အုပ်ချုပ်ရေးစနစ် ပေါ်ပေါက်စေရန် ကြိုးစားဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်လွတ်လပ်ရေး တိုက်ပွဲတွင် ပါဝင်စေခြင်း။

(ဆ) စစ်ကြီးကြောင့် စီးပွားရေး နစ်နာမှု အရပ်ရပ်တို့ကို အခြေထားကာ အပြင်းအထန် ဆူပူခြင်း။

(ဇ) တိုင်းပြည်စီးပွားရေး အင်အားကြီးမားစေခြင်း။

(ဈ) တိုင်းပြည်အား ကာကွယ်လိုသော စိတ်ဓာတ်များ အနှံ့အပြား ပေါ်ပေါက်စေခြင်း၊ ဖွဲ့စည်းပြီး အပျော်တမ်း တပ်တို့ကို စုစည်းခြင်း။

(ည) အလုပ်သမား၊ လယ်သမား အရေးတော်ပုံများကို ယခုထက် ပြင်းထန်စွာ ဖြစ်ပေါ်လာစေခြင်း၊ နိုင်ငံ လွတ်လပ်ရေးတိုက်ပွဲတွင် လယ်သမား၊ အလုပ်သမားတို့ အသုံးပြုမည့် လက်နက်များကို ပြင်ဆင်ခြင်း။

(ဋ) နိုင်ငံခြားများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတို့နှင့် ရှေးကထက် ကူးလူးဆက်ဆံခြင်း၊ နိုင်ငံရေးလုပ်ငန်း အချင်းချင်းတို့ ဆက်စပ်ခြင်း စသည်တို့ဖြင့် လွတ်လပ်ရေးလုပ်ငန်းအတွက် ပြင်ဆင်ရန် တို့ဗမာအစည်းအရုံးကြီးက ဆုံးဖြတ်ကြောင်း။

mgyoe.com

mgyoe.com

အထက်ပါ ဆုံးဖြတ်ချက်များအရ သင့်တော်သည့် လုပ်ငန်းများကို ဆောင်ရွက်ရန် ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့က အရေးပေါ် အလျဉ်းသင့်သလို ဆောင်ရွက်ရန် ဗဟိုဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့များ တာဝန်လွှဲအပ်ကြောင်း။

ယင်း ဆုံးဖြတ်ချက် ဖတ်ကြားခြင်းကို အပြစ်ရှိသည်ဟု သူကြီးမင်းက ယူဆပါက ထိုနေ့မှာပင် မုံရွာ ပုလိပ်ဌာနသို့ သွားရောက်တိုင်ကြားပြီး ပုလိပ်များလိုက်လာခါ သခင် စိုးဝင်းကို ဖမ်းဆီးခေါ်ဆောင်သွားမည် ဖြစ်ပေမည်။ ထိုဆုံးဖြတ်ချက်နှင့် ကြေညာချက်များကို ဖတ်ပြပါက ထိုကဲ့သို့ ဖတ်သူကို ဖမ်းဆီးရန် ရန်ကုန် ပုလိပ်မင်းကြီးက အမိန့်ထုတ်ပြန်ပြီး ဖြစ်လေသည်။ သို့သော် သူကြီးမင်းက ဗဟုသုတခေါင်းပါးလေစွ၊ သူသည် သတင်းစာ ဖတ်ဖို့ဝေးစွ၊ ဘာစာကိုမျှ ဖတ်ရှုသူ မဟုတ်ချေ။ သူကြီးအား ဦးထွန်းဖေဆိုသူ ရွာလူကြီး တစ်ဦးက သတင်းစာဖတ်ရန် တိုက်တွန်း၏။

"အဲဒီ သတင်းစာ ဝယ်ဖတ်မယ့်အစား ဝက်သား ဝယ်စားရတာကမှ ဗိုက်ပြည့်သေး" ဟု ပြန်လည် ဖြေကြားတော်မူ၏။

### သခင်ညိုဝါနှင့် နယ်ချဲ့နောက်တော်ပါ

၁၃၀၂ ခုနှစ် နေ့တစ်နေ့တွင် မုံရွာမြို့မှ ကျောက်ထိုးဆရာတစ်ယောက် ခိုးသမ်းရွာသို့ ရောက်ရှိလာသည်။ နယ်ချဲ့နောက်တော်ပါက တစ်ရွာလုံးရှိ လူအားလုံး သူ့အိမ်သို့ လာရောက် ကျောက်ဆေးထိုးရမည်ဟု အမိန့်ထုတ်ဆင့်လိုက်၏။ သူ့အဖို့ ပွဲကြီးပွဲကောင်း တစ်ခု တိုးလာခြင်း ဖြစ်၏။ ကျောက်ရောဂါမဖြစ်ဖို့ စေတနာ အရင်းခံမရှိဘဲ သူ၏ ရန်သူ သခင်များကို နှိမ်နင်းရန် အကွေ့တစ်ကွေ့ ဖြစ်သောကြောင့်တည်း။ ဤသို့ဖြင့် လူတိုင်း ကျောက်ဆေးထိုးရန် လာရောက်ရသည်။ နောက်တော်ပါသည် ရောက်လာသော သခင်များကို မျက်စောင်းထိုး ကြည့်သည်။ ကိုးလိုးကန့်လန့် ပြောသည်။ လွန်စွာ မခံမရပ်နိုင်ဖြစ်နေသော သခင်ညိုဝါက သူ၏စကားကို ခုခံသည်၊ တုံ့ပြန်ပြောဆိုသည်။ နောက်တော်ပါလည်း သူ့အား တုံ့ပြန်ရမည်လားဟုဆိုကာ ဒေါသထွက်၍ သခင်ညိုဝါကို လက်သီးနှင့် ထိုးသည်။ ဤသို့ဖြင့် ရန်းရင်းဆန်ခတ် ဖြစ်သွားသည်။

နောက်တစ်နေ့တွင် ခိုးသမ်းရွာမှ တို့ဗမာအစည်းအရုံးဝင် သခင်များသည် မုံရွာမြို့သို့ ချီတက်သွားကြသည်။ နိုင်ငံရေး လှုပ်ရှားမှုတစ်ရပ်ကို နောက်တော်ပါက လှုံ့ဆော် ပေးလိုက်ပြန်လေသည်။

လမ်းတွင်ရှိသော ကျောက်စရစ်ပုံနှင့် အက်တောရွာမှ ရွာသူရွာသားများက သခင်

mgyoe.com

mgyoe.com

များ ချီတက်လာသည်ကို တအံ့တသြ ငေးမောကြည့်ရှုကြ၏။ ခိုးသမ်းရွာ သခင်များက လည်း ကြွေးကြော်သံများကို ဟစ်အော်၍ ထိုရွာသူရွာသားများအား လှုံ့ဆော်ပေးခဲ့ကြ၏။

အရေးပိုင်ထံ တိုင်စာကို ရှမ်းတောရပ်နေ သခင်ကိုကြီး (ပေါင်မုန့်) က ရေးသား ပေးလိုက်သည်။ ထိုစာတွင် ကျွန်တော်တို့အစား 'ငါတို့…ငါတို့'ဟု ပါရှိနေသည်။

မုံရွာသို့ ရောက်ရှိသောအခါ နောက် အရေးပိုင်ရုံးသို့ ချီတက်သွားကြသည်။ သူကြီး မတရားပုံကို ဟစ်အော်ကြ၏။ အရေးပိုင်ရုံးတွင် ဝိုင်းဝန်း၍ ဆန္ဒပြ ကန့်ကွက်ကြ သည်။ အားရအောင် ဟစ်အော် ကြွေးကြော်ပြီး ကိုယ်ထိလက်ရောက် ကျူးလွန်သော သူကြီးအား အရေးယူရန် တိုင်စာကို အရေးပိုင်အား ပေးအပ်၍ ပြန်လာကြသည်။

နောက် တစ်ရက် နှစ်ရက်အကြာတွင် မုံရွာအရေးပိုင် ဦးအောင်စိုးထံမှ သခင် ညိုဝါ၏ အမှုနှင့်ပတ်သက်၍ တိုင်ကြားစာတွင် ရေးထားသော အရေးအသားမှာ 'ငါတို့ …ငါတို့' ဟူ၍ ရိုင်းပျသော အသုံးအနှုန်းများကို သုံးစွဲထားသဖြင့် လာရောက် ဖြေရှင်းပါရန် ခိုးသမ်း တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်စိုးဝင်း၊ အတွင်းရေးမှူး သခင်ကောင်းရှိန်တို့ထံ အကြောင်းကြားစာ ရောက်ရှိလာ၏။ ဤသို့ဖြင့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှာ အရေး ပိုင်ရုံးသို့ သွားရောက် ဖြေရှင်းကြရ၏။ အရေးပိုင်က တိုင်စာကို လက်ခံပါသည်။ 'ငါတို့… ငါတို့' ဟူသော စကားကို ပြင်ဆင်ရေးသားပေးပါရန် ပြောကြား၏။ ဤသို့ဖြင့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ငါတို့အစား "ကျွန်တော်တို့"ဟူ၍ ပြင်ဆင်ပေးခဲ့ကြ၏။ ဦးအောင်စိုး ကား လူမှုဆက်ဆံရေးကောင်းသော အရေးပိုင်တစ်ယောက် ဖြစ်ပေသည်။

ထိုနေ့ညနေတွင် ရန်ကုန်မှ နန်းရင်းဝန် ဦးပု မုံရွာမြို့သို့ ရောက်ရှိလာမည်ဖြစ် ကြောင်း ပူးတွဲ၍ ဆန္ဒပြကန့်ကွက်ကြရန်လိုကြောင်း မုံရွာသခင်များက ဖိတ်ကြားလာသဖြင့် မြို့တွင်းသို့ ချီတက်ကြသည်။ မုံရွာသခင်များက ခိုးသမ်းရွာမှ ချီတက်လာသော ဆန္ဒပြ ကန့်ကွက်သူများအား အစားအသောက်တို့ဖြင့် ဧည့်ခံကျွေးမွေး၏။

နန်းရင်းဝန် ဦးပု မော်တော်ကားဖြင့် ဝင်လာရာတွင် ဆန္ဒပြ ကန့်ကွက်ကြသည်။ မုံရွာမြို့ထဲသို့ မဝင်နိုင်အောင် သူစီးလာသော မော်တော်ကားရှေ့မှ လှဲအိပ်၍ ကန့်ကွက် သူက ကန့်ကွက်ကြ၏။ ဦးပုအား ခွေးစာကျွေးသူကလည်း ကျွေးကြသည်။ သံပုံးတီး၍ လည်း မြို့မှ နှင်ထုတ်ကြသည်။ ၉၁ ဌာနအုပ်ချုပ်ရေး အလိုမရှိဟူ၍လည်း ဟစ်အော် ကြွေးကြော်ကြသည်။ ဤနည်းအားဖြင့် နန်းရင်းဝန်ဦးပုမှာ မုံရွာမြို့သို့အဝင်တွင် မျက်နှာ ပျက်သွားသည်။ ၉၁ ဌာန အုပ်ချုပ်ရေးကို မုံရွာမြို့မှ အလိုမရှိကြောင်းကိုလည်း သိရှိ သွား၏။ မုံရွာတစ်မြို့လုံး ဆူညံသွား၏။

mgyoe.com

mgyoe.com

ဆန္ဒပြ ကန့်ကွက်သူအားလုံး မုံရွာမြို့ ဈေးကြီးသို့ ချီတက်သွားပြီး သခင်သောင်းတင် (ဓောက်ထိုး) က နိဂုံးချုပ်မိန့်ခွန်း စကားပြောကြားကာ လူစုခွဲလိုက်သည်။ ခိုးသမ်းမှ သခင်များလည်း နိုင်ငံရေးဆောင်ပုဒ်များကို ကြွေးကြော်ကာ ခိုးသမ်းရွာသို့ ပြန်လာကြသည်။ အတွင်းရေးမှူး သခင်ကောင်းရိုန်က စည်းကမ်းသေဝပ်စွာ ချီတက်ပြီး ရွာသို့ ငြိမ်ဝပ်ပိပြားစွာ ပြန်ရန် စီမံကွပ်ကဲလာသည်။

နောက် သုံးလေးရက်ကြာသောအခါ ခိုးသမ်းရွာအရှေ့ဘက်ရှိ ကံပြားရွာ ဦးသာချော ကျောင်းတွင် တရားလို သခင်ညိုဝါနှင့် တရားခံ ခိုးသမ်းသူကြီးတို့အမှုကို စစ်ဆေးရန် အရေးပိုင်က ချိန်းဆိုလိုက်သည်။ ဤသို့ဖြင့် ခိုးသမ်းရွာမှ တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်စိုးဝင်းနှင့် အတွင်းရေးမှူး သခင်ကောင်းရိုန်တို့ ခေါင်းဆောင်သော သခင်များ၊ အခြား စိတ်ပါဝင်စားသူများလည်း လိုက်ပါသွားကြသည်။

အမှုကို စစ်ဆေးသော အရာရှိမှာ မုံရွာမြို့မှ နယ်ပိုင်ဝန်ထောက် ဖြစ်သည်။ သူ၏ အမည်မှာ ဦးဖေ ဖြစ်၏။ နယ်ပိုင်ဝန်ထောက်မှာ အမှုကို စစ်ဆေးခြင်းထက် ဖျန်ဖြေရေး တို့ကိုသာ ပြုလုပ်သည်။ သခင်များကမူ ဖျန်ဖြေရေးကို မကြိုက်၊ အမှုစစ်ဆေးရေးကို လိုလားကြသည်။ သို့ရာတွင် နယ်ပိုင်ဝန်ထောက်က တောင်းပန် ဖျန်ဖြေနေသဖြင့် ကျေနပ်ပြီး လက်ခံခဲ့ကြရသည်။ အမှန်အားဖြင့်ဆိုရလျှင် ဤအမှုတွင် သခင်တို့က ရှုံးနိမ့်ခဲ့ကြရခြင်း ဖြစ်သည်။ "နေသေးသပချုံထဲက"ဟု ကျိန်သူက ကျိန်ကြ၏။ တရားလို သခင်ညိုဝါမှာ တစ်သမတ်တည်း စွဲမြဲစွာဖြင့် နိုင်ငံရေးကို ဇောက်ချ၍ ဆောင်ရွက်လာခဲ့ရာ နောက်ဆုံးတွင် (ဘီအိုင်အေ ဘီဒီအေ) တပ်သားကောင်းတစ်ဦး ဖြစ်လာခဲ့၏။ သည်တွင်သာမက ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရံတော် တပ်သားတစ်ဦး အဖြစ်သို့ပင် ရောက်ရှိလာခဲ့သည်။ သခင်ညိုဝါသည် သူကြီးနှင့် အမှုဖြစ်ရာ၌ အရေးရှုံးနိမ့်ခဲ့ရ၏။ (ဝါ) ဖျန်ဖြေမှုကို ခံယူခဲ့ရ၏။ သို့ရာတွင် သူသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည်နောက် မော်ကွန်းဝင် တံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့သည်။ ဟုတ်ကဲ့...မော်ကွန်းဝင်နိုင်လောက်အောင် သူသည် ခံခဲ့ရ တိုက်ခိုက်ခဲ့ရသည် မဟုတ်ပါလော။

### ပါတော်မူနေ့နှင့် အမျိုးသားအောင်ပွဲနေ့

ထိုနှစ်တွင် ပါတော်မူနေ့ (တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့)၊ အမျိုးသားနေ့ (တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့)များကို ခိုးသမ်းရွာ၌ တို့ဗမာအစည်းအရုံးမှ ဦးစီး၍ စည်ကား ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ပါတော်မူနေ့ကို လမ်းမကြီးအနီးရှိ

mgyoe.com

သခင်ဗိုလ်၏ အိမ်ရှေ့ဝင်းထဲတွင် ကျင်းပခဲ့သည်။ ယခုအချိန်တွင် သခင်ဗိုလ်မှာ ခိုးသမ်းရွာတွင် အိုးနှင့်အိမ်နှင့် ဖြစ်လာသည်။ ခိုးသမ်းရွာသား ဖြစ်လာသည်။ သူ့အား ခိုးသမ်းရွာသား သခင်များက မလှဒန် အမည်ရှိ ခိုးသမ်းရွာသူ အမျိုးသမီးတစ်ဦးနှင့် စေ့စပ်ပေးသဖြင့် အိမ်ထောင်ကျပြီးနောက် အမျိုးသမီးအိမ်တွင် အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်လာသောကြောင့်ပေတည်း။ ခိုးသမ်းရွာကြီးကား နေစရာကောင်းသော ရွာကြီးတစ်ရွာ သာမက ပျော်စရာကောင်းသော ရွာကြီးတစ်ရွာလည်း ဖြစ်သည်။ အမျိုးသား အောင်ပွဲနေ့တွင် ထိုအိမ်၏ ခေါင်းရင်းဘက်ရှိ သခင်ထွေးဖခင် ဦးနီကြီး၏ ဝင်းထဲတွင် သိုက်မြိုက်စွာ ကျင်းပခဲ့၏။ နယ်ချဲ့နောက်တော်ပါသည် သူ၏ တာဝန်များကို အနည်းငယ်ကလေးမျှ လစ်ဟင်းခြင်း မခံတော့ချေ။ မုံရွာ ပုလိပ်ဌာနသို့ ဤပွဲများ ကျင်းပမည့်အကြောင်းကို အစီရင်ခံသဖြင့် လက်ရေးတိုပုလိပ်များ ရောက်ရှိပြီး မိန့်ခွန်းများ၊ ဟောပြောချက်များကို လက်ရေးတိုဖြင့် တက်ရောက် ရေးသားကြသည်။

**သခင်ကိုယ်တော်မှိုင်း**

ထိုနှစ်တွင်ပင် ခိုးသမ်းရွာ၏ အရှေ့ဘက် ကံပြားလေးရွာအနက် အနောက်ရွာသို့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရောက်ရှိလာကြောင်း ကံပြားရွာ သခင်များက ခိုးသမ်းရွာ သခင်များထံသို့ အကြောင်းကြားလာသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား အထက်ချင်းတွင်းမှအပြန် သင်္ဘောဖြင့် မုံရွာမြို့သို့အရောက်တွင် ထိုနေ့ မုံရွာမြို့သို့ ရောက်ရှိနေသော ကံပြား တို့ဗမာအစည်းအရုံး ခေါင်းဆောင် သခင်အုံးဖေက တွေ့ရှိသဖြင့် မော်တော်ကား ငှားကာ ကံပြားသို့ ပင့်ဆောင်လာခြင်း ဖြစ်သည်။

ကံပြားအနောက် ရွာတွင် ဆရာတော် သခင်ဦးသုတကျောင်း၌ နောက်ပါများနှင့် အတူ ရောက်နှင့်နေကြပြီးဖြစ်သည်။ တို့ဗမာအစည်းအရုံးမှ သခင်များကို စုဝေးကြသည်။ ဗမာ့လက်ရုံးတပ်ကလည်း ခရာမှုတ်၍ တပ်သားများကို ဆင့်ခေါ်ကြသည်။

သခင်ဝိဇယက ကြိုတင်၍ ကံပြားရွာသို့ သွားနှင့်၏။ သခင်ဝိဇယအား ဆရာကြီး သခင်ကိုယ်တော်မှိုင်းက လှိုက်လှဲစွာ နှုတ်ဆက်၏။ ကျန်းမာရေး အကြောင်းများကိုလည်း မေးမြန်း၏။

သို့သော် ကံပြားရွာမှ သခင်ပရိသတ်မှာ ၄၊ ၅၊ ၆ ဦးမျှသာ ရှိသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှာ ခရီးပန်းလာ၍လားမသိ ရွှင်ရွှင်လန်းလန်း မရှိလှပေ။ တိုက်ကျောင်း၏ အပြင်ဘက်တွင်လည်း မိုးတဖြောက်ဖြောက် ရွာနေသည်ကို တွေ့ရှိရ၏။ မကြာမီတွင် ရွာထဲမှ ဘင်ခရာတီးသံကို ကြားရ၏။

mgyoe.com

mgyoe.com

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ။ ။ "ဘာသံတွေလဲ ကိုယ်တော်"
သခင်ဝိဇယ ။ ။ "ကျုပ်တို့ ခိုးသမ်းရွာ တို့ဗမာအစည်းအရုံးက ဗမာ့ လက်ရုံးတပ်သားတွေပါ၊ ဆရာကြီးကို လာရောက် အလေးပြုကြမလို့"

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် လျော့ရဲစွာ အနားယူနေရာမှ ခါးကို ဆန့်လိုက်သည်။ ကျောင်းအပြင်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ နောက် မတ်တတ်ရပ်လိုက်သည်။ ယခုပင် သူက သွားပြီး ဗမာ့လက်ရုံးတပ်ကို နှုတ်ဆက်မည့် အနေအထားမျိုး။

ခိုးသမ်းရွာ ဗမာ့လက်ရုံးတပ်မှာ ရန်ပုံငွေ တောင့်တင်းသဖြင့် အပြည့်အစုံ တပ်ကြီးဖြစ်နေလေပြီ။ ဘင်နှင့်ခရာနှင့် လက်ရုံးတပ်ဗိုလ် သခင်ဗစိုးမှာ သားရေဆင်းဗရောင်းကြီးနှင့် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ခန့်ညားခြင်းလည်း ရှိပေသည်။

ခိုးသမ်း တို့ဗမာအစည်းအရုံးဝင် သခင်များနှင့် ခမ်းနားသော ဗမာ့လက်ရုံးတပ်ကြီးသည် တိုက်ရှေ့သို့ရောက်လာသည်။ ဘင်ခရာက တီးမြဲ၊ ဆရာကြီးသည် တိုက်ရှေ့ အုတ်ခုံပေါ်သို့ ထွက်သွား၏။ မိုးကလေးက တဖြောက်ဖြောက်နှင့်မို့ သူ့ကို ထီးမိုးပေးရ၏။

သခင်ဗစိုးက အမိန့်ပေးလိုက်သဖြင့် ဘင်ခရာအတီးအမှုတ်များ ရပ်သွားသည်။ သူက ဗမာ့လက်ရုံးတပ်သားများအား အနေအထားကျအောင် စီစဉ်အမိန့်ပေးလိုက်သည်။ နောက် သူက...

"ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး၏ နာယကကြီးဖြစ်သော ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား အလေး...ပြု" ဟု အမိန့်ပေးလိုက်သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား အလေးပြုကြသည်။ တို့ဗမာအစည်းအရုံးဝင် သခင်ကောင်းရှိန် အစရှိသည်တို့က ဆရာကြီးအား နှုတ်ဆက်ကြ၏။

ယခုလို ကြွရောက်လာသဖြင့် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြောင်း ပြော ကြ၏။ ဆရာကြီးက မိုးတဖြောက်ဖြောက်ကြားမှ မိန့်ခွန်းပြောကြားသည်။ ပရိသတ်မှာ ၁၀၀ ကျော်မျှသာရှိသည်။ သို့ရာတွင် ဆရာကြီး ပြောကြားသောလေသံက တရားနာ ပရိသတ် တစ်သောင်းလောက်ကို ပြောကြားနေသကဲ့သို့ ခပ်တင်းတင်း ခပ်မာမာ၊ ရယ်စရာ ကလေးများကို ကြားဖြတ်ပြောကြားသောအခါ ပရိသတ်က တဝေါဝေါဖြင့် လက်ခုပ်တီး ကြသည်။

ဆရာကြီးက ယူနီဖောင်း အပြည့်အစုံ ဘင်ခရာနှင့် အရိုအသေပြုလာကြသော ဗမာ့လက်ရုံးတပ်ကို မိမိ၏ သားငယ် မြေးငယ်များကဲ့သို့ ကြင်နာယုယနေပေသည်။ သူ့တွင် အားလည်း အတော်တက်လာဟန်ရှိ၏။

mgyoe.com

mgyoe.com

"လုပ်ကြကွာ...ဗမာ့နောင်ရေးဟာ မင်းတို့လက်ထဲမှာ ရှိတယ်ကွ" ဟူ၍လည်း အားပေးစကား ပြောကြား၏။

ဆရာကြီး၏ မိန့်ခွန်းပြောအပြီးတွင် ပရိသတ်များ ကျောင်းတိုက်ထဲသို့ ဝင်ကြ၏။ အတူပါလာသော သခင်စံထွန်းလှကလည်း နိုင်ငံရေးတရားများကို ဟောကြား၏။

နောက် ကျောက်တန်း သခင်ခင်မောင်၊ သခင်ခင်မောင် ဟောပြောသော တရားများ တွင် လက်ရှိ ဗမာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေး။ နောက်ပြီး အနာဂတ်ဗမာ့နိုင်ငံရေးနှင့် အနာ ဂတ် ကမ္ဘာ့အရေး။ သူသည် ကျောက်တန်းမြို့သားဖြစ်၍ ဆန်စက်ပိုင်ရှင်သား တစ်ဦး လည်း ဖြစ်သည်။ ဌာနချုပ်အလုပ်အမှုဆောင်တွင် ဘဏ္ဍာရေးမှူး ဖြစ်သည်။ သူ၏ ဆန်စက်ပြွန်ဝမှထွက်သော ဖွဲနုတန်ဖိုးသည် ယနေ့ နန်းရင်းဝန်လခထက် ပိုမိုများပြားသည် ဟုပြောရာ ပရိသတ်က သဘောကျ၍ ဩဘာပေးကြ၏။

ထိုနေ့ညတွင်ပင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့်အဖွဲ့သည် မုံရွာမြို့သို့ပြန်၍ သင်္ဘောပေါ်တွင် အိပ်ကြမည်။ ခိုးသမ်းရွာ တို့ဗမာအစည်းအရုံးဝင်များက မတ်တတ်ရပ်ပြီး တန်းစီလိုက်ကြ၏။ လက်ရုံးတပ်ဗိုလ် သခင်ဗစိုးက "ဆရာကြီး သခင်ကိုယ်တော်မှိုင်း အား အလေး....ပြု"ဟု အမိန့်ပေးသဖြင့် ရှိသေစွာ အလေးပြုပြီးနောက် ခိုးသမ်းရွာသို့ ပြန်လည်လာခဲ့ကြ၏။

ဤသည်လည်း ခိုးသမ်းရွာ တို့ဗမာအစည်းအရုံးအဖို့ အခွင့်ကောင်း အခါကောင်း ကြီး ဖြစ်ပေသည်။ ကံပြား သခင်အုံးဖေ၏ ကျေးဇူး။

## ဘုန်းကြီးပျံ့ ရှာပနပွဲကြီး

ခိုးသမ်းရွာမြောက်ကျောင်းတွင် သီတင်းသုံးတော်မူသော ဆရာတော် ဦးတိဿ ပျံလွန်တော်မူရာ ၁၃၀၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်နေ့တွင် အန္တိမအဂ္ဂိဈာပန ပွဲတော်ကို ခမ်းနားစွာ ဆင်ယင်ကျင်းပလေသည်။ လွန်စွာစည်ကားသော ဘုန်းကြီးပျံပွဲပင် ဖြစ်လေ သည်။

ထိုကျောင်းကို ကိုးကွယ်သူများတွင် လယ်တီ ဦးအောင်ညွန့်လည်း တစ်ဦး အပါ အဝင် ဖြစ်လေသည်။

ဦးအောင်ညွန့်၏ ဦးပဥ္စင်းဘဝက ဘွဲ့တော်မှာ ဦးပဏ္ဍိတ ဖြစ်သည်။ အခြား နိုင်ငံကျော် စာရေးဆရာကြီး ဖြစ်ခဲ့သော လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးမှာလည်း ဦးပဏ္ဍိတပင် ဖြစ်၏။

mgyoe.com

mgyoe.com

သူတို့နှစ်ဦးမှာ ပဏ္ဍိတစုံတွဲပင် ဖြစ်ခဲ့ကြ၏။ ပဏ္ဍိတစုံတွဲကို လယ်တီဆရာတော်ဘုရားကြီးက မြန်မာနိုင်ငံအတွင်း ဒေသစာရီ လှည့်လည်ရာတွင် ထိုစုံတွဲကို နောက်ပါအဖြစ်အတူခေါ်လေ့ခေါ်ထ ရှိခဲ့သည်။

ဦးအောင်ညွန့်က မုံရွာသို့ နောက်ဆုံး လာရောက်နေထိုင်သော ဦးမောင်ကြီးထံသို့ မကြာခဏ သွားရောက်လည်ပတ်ပြီး ဦးမောင်ကြီးကလည်း ဦးအောင်ညွန့်ရှိရာ ခိုးသမ်းရွာသို့ မကြာခဏ လာရောက် လည်ပတ်သည်။

ဦးမောင်ကြီး လာမည်ဟု အကြောင်းကြားသောအခါ ဦးအောင်ညွန့်က သူ၏ဘတ်(စ်)ကားကို အထူးခေါက်အဖြစ် ဆွဲ၍ ခေါ်ယူပြီး ဦးမောင်ကြီး ခိုးသမ်းသို့ရောက်သောအခါ ခမ်းနားသော မြောက်ကျောင်းကြီးအောက်တွင် တည်းခိုလေသည်။

ဦးမောင်ကြီးက လယ်တီပဏ္ဍိတ ပထမကျော် ဦးကောဝိဒအား တပည့်ငယ်အဖြစ်ယူဆသလို ဦးအောင်ညွန့်ကလည်း ဦးကောဝိဒအပေါ်တွင် ထိုအတိုင်းပင် ယူဆလေသည်။

ဤနည်းအားဖြင့် မြောက်ကျောင်း ဘုန်းကြီးပျံပွဲတော်တွင် လယ်တီပထမကျော်ဦးကောဝိဒက မဏ္ဍပ်တစ်ခုထိုး၍ ဘုန်းကြီးပျံပွဲကို ပူဇော်ပသခြင်း ပြုလေသည်။ သူ့မဏ္ဍပ်တွင် ထိုစဉ်က ဆန်းကြယ်ရှားပါးသော အသံချဲ့စက်ကြီးကို တပ်ဆင်ထားလေရာ ဘုန်းကြီးပျံဝင်းသို့ တောင်ကျောင်းဆရာတော် ဦးဝံသဦးစီးသော အဖွဲ့၏ ပြာသာဒ်အဝင်တွင်အသံချဲ့စက်သံ ဆူညံနေသဖြင့် ခေတ္တခဏမျှ ပိတ်ထားရန် ဦးဝံသက ဦးကောဝိဒထံတောင်းပန်ရလေသည်။

ထိုဘုန်းကြီးပျံပွဲကြီးမှာ လွန်စွာပင် စည်ကားရကား ဈာပနကော်မတီသည် လုံခြုံရေးအတွက် ခိုးသမ်းရွာ ဗမာ့လက်ရုံးတပ်အား တာဝန်ချထားပေးရ၏။ အနီရောင် ယူနီဖောင်းများ ဝတ်ဆင်ထားသော လက်ရုံးတပ်သားတို့က နေရာတိုင်း၊ မဏ္ဍပ်တိုင်းတွင် အကွက်စေ့အောင် ချထားပြီး စောင့်ရှောက်ကြလေသည်။ ဗမာ့လက်ရုံးတပ်သားနှင့် အရပ်သူ အရပ်သားများမှာ တစ်သွေးတည်း တစ်သားတည်း ဖြစ်နေကြလေသည်။ ညီအစ်ကို မောင်နှမအရင်းကဲ့သို့ ခင်မင်ရင်းနှီးကြလေသည်။ ဤကျောင်းကို ကိုးကွယ်သော လူများ၏ မဲဆန္ဒအများဆုံးဖြင့် တက်ရောက်လာသော သူကြီးမင်းမှာ ယခုအချိန်တွင် မလှုပ်သာမယှက်သာဖြစ်နေရလေသည်။ ထို့အပြင် လယ်တီဦးကောဝိဒ၏ အရှိန်ကလည်း ကြီးသည် မဟုတ်ပါလော။

တို့ဗမာ အစည်းအရုံးကလည်း သခင်ဦးရေ အတော်ပင် များပြားလာပြီဖြစ်ရာ ထိုပွဲတွင် အသင်းရန်ပုံငွေအဖြစ် ရရှိအောင် အအေးဆိုင်ကြီးကို တခမ်းတနား တည်ဆောက်

mgyoe.com

mgyoe.com

၍ ရောင်းချကြလေသည်။ ကြက်တူရွေးဟု အမည်တွင်ခဲ့သော သခင်ကောင်းရှိန်ကလည်း ပျံလွန်တော်မူသော ဦးတိသ၏ တပည့်ရင်း၊ ဤကျောင်းသားဟောင်းဖြစ်သဖြင့် အထူးတလည်ပင် တက်ကြွနေသည်ကို တွေ့ရှိရသည်။ ဘုန်းကြီးပျံပွဲကြီးကား အနည်းငယ်မျှ ဆူပူ လှုပ်ရှားခြင်းမရှိဘဲ အေးချမ်းသာယာစွာ အန္တိမဈာပန ပြာချ၍ ပြီးစီးခဲ့လေသည်။ ခိုးသမ်းရွာတွင် ဓားတုတ်ကိုင်၍ ဝင့်ဝါခဲ့ကြသော လူမိုက်များသည်လည်း ဓားမကိုင်ဝံ့ တုတ်မကိုင်ဝံ့ ဖြစ်လာကြလေသည်။ ရွာလူထု နယ်လူထု၏ မေတ္တာစေတနာကြောင့် တို့ဗမာအစည်းအရုံး၏ ရန်ပုံငွေ အအေးဆိုင်မှာ လက်မလည်အောင် ရောင်းချရသဖြင့် အမြတ်ငွေ တော်တော်များများ ရရှိခဲ့လေသည်။

**မုံရွေးကြေးမုံ တို့ဗမာအစည်းအရုံးသို့**

ထိုနှစ်တွင် မုံရွာ စီရင်စုလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ညီလာခံကို ကျင်းပရန် မုံရွေးကြေးမုံ တို့ဗမာ အစည်းအရုံး ခေါင်းဆောင်တစ်ဦးဖြစ်သူ သခင်ဗထွေးက ခိုးသမ်း တို့ဗမာအစည်းအရုံးသို့ လာပြီး အကြံပြုဆွေးနွေးသည်။ ခိုးသမ်း တို့ဗမာအစည်းအရုံးကို သူက အတော်လည်း အားကိုး၏။ အစည်းအရုံးဝင် သခင်ဦးရေ များပြားသလောက် ရန်ပုံငွေကလည်း အထူးပင် တောင့်တင်းသည် မဟုတ်ပါလော။

ဤသို့ဖြင့် မုံရွေးကြေးမုံတွင် ညီလာခံပြင်ဆင်ရေး ကော်မတီဖွဲ့စည်းရန် ခိုးသမ်းက သဘောတူလိုက်သည်။ ကျင်းပမည့်နေ့ရက်ကိုလည်း သဘောတူ သတ်မှတ်လိုက်ကြသည်။ မုံရွာ တို့ဗမာ အစည်းအရုံး၊ မုံရွေးကြေးမုံ တို့ဗမာ အစည်းအရုံး၊ ကံပြား တို့ဗမာ အစည်းအရုံး၊ သာစည်ရွာ တို့ဗမာ အစည်းအရုံး၊ ဘုတလင် တို့ဗမာ အစည်းအရုံးများသို့ ညီလာခံ ပြင်ဆင်ရေးကော်မတီတွင် ပါဝင်တက်ရောက်ရန် ဖိတ်ကြားဖို့ သခင်ဗထွေးက တာဝန်ယူ သွားလေသည်။

ညီလာခံ ပြင်ဆင်ရေး ကော်မတီအစည်းအဝေးသို့ အထက်ဖော်ပြပါ တို့ဗမာ အစည်းအရုံးများမှ ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ကြသည်။

ကော်မတီ အစည်းအဝေး ကျင်းပမည့်နေ့တွင် ကိုယ်စားလှယ်အဖွဲ့အသီးသီးသည် မုံရွေးရွာရှိ သခင်ဗထွေး၏အိမ်သို့ နံနက် ၈ နာရီအချိန်တွင် စုံစုံညီညီ ရောက်ရှိလာကြ၏။ ထိုကိုယ်စားလှယ်များတွင် သခင်ဘုန်းကြီးနှစ်ပါးလည်း ပါဝင်ခဲ့၏။ ကံပြားရွာ တို့ဗမာ အစည်းအရုံးမှ နာယက သခင်သုတနှင့် ခိုးသမ်းရွာ တို့ဗမာအစည်းအရုံးမှ နာယက သခင်ဝိဇယတို့ ဖြစ်ကြ၏။

mgyoe.com

မကြာမီပင် ထိုအိမ်ဝင်းအတွင်းသို့ လှည်း ဆယ်စီးမျှ ဝင်လာသည်။ ကိုယ်စားလှယ်များ စီးရန်နှင့် ချက်ပြုတ်ထားသော ထမင်းဟင်းများ၊ ပိဿာ ၁၀ ဝင် နွားနို့ပုံးကြီးများ တင်ဆောင်ရန် ဖြစ်လေသည်။

သခင်ကောင်းရှိန် ။ ။ "ဘယ်သွားပြီး အစည်းအဝေး ကျင်းပမှာလဲ သခင်ဗထွေး"

သခင်ဗထွေး ။ ။ "ရွှေမြင်တင် တောင်ခြေ ချောင်းကမ်းနံဘေးလေဗျာ၊ အစည်းအဝေးလည်း ဟုတ်တာပေါ့၊ ပျော်ပွဲစားခရီး ထွက်တာလည်း ဟုတ်တာပေါ့"

ကိုယ်စားလှယ်အားလုံးကပင် သဘောတူ နှစ်ခြိုက်ကြသည်။ ပျော်လည်း ပျော်ရွှင်သွားကြသည်။ သခင်ဗထွေး၏ အစီအစဉ်ကောင်းခြင်းကို ချီးကျူးကြ၏။

ရွှေမြင်တင်တောင်ခြေသို့ ရောက်ရှိပါပြီ။ လှည်းများပေါ်မှဆင်း၍ တောင်ပေါ်တက်သူ တက်ကြသည်။ ချောင်းကမ်းနံဘေး လမ်းလျှောက်သူ လျှောက်ကြသည်။ သီချင်းဆိုသူများလည်း ဆိုကြသည်။ ဧည့်ခံသူများဖြစ်ကြသော မုံရွေး ကြေးမုံ တို့ဗမာအစည်းအရုံးဝင်များက စာရေးသောက်ရေးအတွက် ပြင်ဆင်ကြသည်။ တစ်သက်တာ မေ့နိုင်စရာမရှိသော အစည်းအဝေးဟု ခိုးသမ်း သခင်ဝိဇယက မှတ်ချက်ချ၏။

"ကဲ...ထမင်းသုံးဆောင်ရအောင် ကြွကြပါဗျို့"ဟု မုံရွေးသခင်သန်းဖေက လှမ်း၍ ဟစ်အော်ပြီး ဖိတ်ခေါ်လိုက်၏။ သပြေပင်ရိပ်များတွင် ထမင်းဟင်းများကို ဖက်ပေါ်ပုံ၍ ကျွေးမွေးသည်။ သခင်ဦးပဥ္စင်းနှစ်ပါးအတွက်မူ ယူလာသော ပန်းကန်ခွက်ယောက်များဖြင့် ထည့်၍ ဆက်ကပ်၏။ သူတို့လည်း ဖက်နှင့်ပင် စားလိုကြောင်း ပြောကြ၏။ သို့သော်လည်း သခင်ဗထွေးက လက်မခံဘဲ ပန်းကန်ခွက်ယောက်များဖြင့်သာ ဆက်ကပ်၏။

ထမင်းစားပြီးနောက် ပုံးကြီးများထဲမှ နွားနို့ကို ခပ်၍ ခပ်၍ သောက်ကြသည်။ အလွန်ပင် မြိန်ရှက်စွာ စားသောက်ရသော နံနက်စာ စားပွဲကြီးပင်တည်း။

လက်ဖက်ရည်ကြမ်းနှင့် လက်ဖက်များကို စားသောက်ရင်း အစည်းအဝေးကို စတင်လေသည်။ အစည်းအဝေး ဖွင့်လှစ်သော် တို့ဗမာသီချင်းသံသည် ချောင်းရိုး မြိုင်ရိုး တောင်စောင်း တစ်လျှောက်တွင် ဟိန်းဟောက်ခဲ့လေသည်။ စီရင်စုလုံးဆိုင်ရာ ညီလာခံကို ကျင်းပရန် ဆုံးဖြတ်လိုက်ကြသည်။ ကျင်းပမည့်နေ့သည် ၁၃၀၃ ခုနှစ် နွေဦးတစ်နေ့နေ့တွင် ဖြစ်၏။ ကျင်းပမည့်နေရာမှာ ဘုတလင်မြို့ ဖြစ်၏။ ဘုတလင် တို့ဗမာ အစည်းအရုံးခေါင်းဆောင်များက ဝမ်းမြောက်ဝမ်းသာ လက်ခံကြသည်။ ဧည့်ဝတ်ပျူငှာစွာ ဧည့်ခံကျွေးမွေးပါမည်ဟူ၍လည်း ကတိပြုကြသည်။

mgyoe.com

အစည်းအဝေးပြီးသည့်နောက်တောင်ပေါ်နှင့် တောတွင်းလည်သူကလည် သစ်ပင်ရိပ်အောက် အိပ်သူကအိပ်နှင့် တပျော်တပါး ဖြစ်နေကြ၏။

လှည်းများနှင့် ပြန်လာကြရာ သခင်ဗထွေးအိမ်သို့ ပြန်လည် ရောက်ရှိကြ၏။ မကြာမီ မုံရွာမှ စုံထောက်ပုလိပ် တစ်ယောက် ရောက်ရှိလာ၏။ သခင်ဗထွေးအား သူက အစည်းအဝေးအကြောင်းကို မေးမြန်းသည်၊ သခင်ဗထွေးက ပြန်လည် ဖြေကြား၏။

"ဒါဖြင့် ဒီအစည်းအဝေး လုပ်တာဟာ ကွန်ဇာလ်တေးရှင်းပေါ့" ဟု ဆိုပြီး မကြာမီ ပင် ပြန်သွား၏။ သူ ပြောသော ကွန်ဇာလ်တေးရှင်း၏ အဓိပ္ပာယ်မှာ တိုင်ပင်ဆွေးနွေးခြင်း ပေတည်း။

ကိုယ်စားလှယ်အဖွဲ့အသီးသီးတို့မှာ စီရင်စုညီလာခံကျင်းပရန် ပြင်ဆင်မည် ဟူသော သန္နိဋ္ဌာန်ချချက်ဖြင့် "တို့ဗမာ"ဟု ခင်မင်ရင်းနှီးစွာ လက်မြှောက် နှုတ်ဆက်၍ ပြန်ခဲ့ကြလေသည်။

## ဘုတလင်ညီလာခံ

ခိုးသမ်းရွာ တို့ဗမာ အစည်းအရုံးမှာ စီရင်စုလုံးဆိုင်ရာ ဘုတလင် ညီလာခံသို့ တက်ရောက်ရန်အတွက် အထူးတလည် ပြင်ဆင်ရန် မလိုအပ်တော့ပေ။ ညီညွတ်ပြီး ဖြစ်သည်။ စည်းလုံးပြီး ဖြစ်သည်။ ငွေကြေးကလည်း အပြည့်အစုံရှိနေပြီ ဖြစ်သည်။ မိမိတို့ ညီလာခံ တက်ရောက်နေစဉ် ရပ်ရွာလုံခြုံရေး ကိစ္စကို အရံတပ်ဖွဲ့အား အပ်နှင်းခဲ့ရန်သာ ရှိ၏။ လက်ရုံးတပ်သားများက ညီလာခံ တက်ရောက်ရန်အတွက် ချီတက်ရေး၊ စစ်ချီရေး ကိစ္စများကို ကြိုတင် ပြင်ဆင်ကြသည်။

ဘုတလင် ညီလာခံကြီးကို ၁၃၀၃ ခုနှစ်၊ နွေဦး တပို့တွဲလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ တစ်ရက်ကြိုတင်၍ နံနက်စောစောတွင် ဗမာ့လက်ရုံး တပ်သားများသည် ဘင်ခရာ အပြည့်အစုံနှင့် မိုင် ၂၀ ခရီးကိုစတင်၍ ဘုတလင်မြို့ဆီသို့ ရှေးရှုချီတက်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင်များနှင့် သခင်များကမူ မုံရွာမှတစ်ဆင့် ဘတ်(စ်)ကားဖြင့် ဘုတလင်သို့ သွားရောက်ခဲ့ကြသည်။ ဗမာ့လက်ရုံးတပ်သည် ခိုးသမ်းရွာ မြောက်ဘက် ကန်အိုရွာတွင် လည်းကောင်း။ ထို့နောက် ပလ္လင်ကုန်းရွာ၊ ကျည်းဗတုံရွာ၊ ဆီးတောရွာများအထိ လည်းကောင်း လမ်းပေါ်တွင် စစ်ရေးပြ၍ လက်ရုံးတပ်ဗိုလ် သခင်ဗစိုးက နယ်ချဲ့ဆန့်ကျင်ရေး တရားများကို ဟောပြောခဲ့သည်။ ဆီးတောရွာတွင် မုံရွာ ရေဦးကားလမ်းမကြီးပေါ်သို့ တက်ရောက် ချီတက်ခဲ့ကြသည်။ ပေတစ်ရာလမ်းပေါ်တွင်

mgyoe.com

 ngyoe.com 

လည်း ဆီးတော၊ ကျိုးပင်ချောင် စသော ရွာများ၌လည်း ထိုနည်းအတိုင်းပင် စစ်ရေးပြခြင်း၊ နယ်ချဲ့ဆန့်ကျင်ရေး တရားများကို ဟောပြောခြင်း ပြုခဲ့ကြသည်။ ရွာတိုင်း ရွာတိုင်း ရွာသူရွာသားများက မိမိတို့အနေနှင့် ယခင်က မတွေ့မမြင်ဖူးသေးသော ဗမာ့လက်ရုံးတပ် စစ်ရေးပြခြင်းများကို တအံ့တဩ တွေ့မြင်ကြရ၏။ နယ်ချဲ့ဆန့်ကျင်ရေး တရားများကို လည်း တက်ကြွလှိုက်လှဲစွာ ကြားနာကြသည်။ ရေတိုက်ခြင်း၊ အစားအစာ ကျွေးမွေးခြင်း များဖြင့်လည်း ဆီးကြိုဧည့်ခံကြသည်။ ဘုတလင်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိသွားကြ၏။ ဘုတလင်မြို့ ထိပ်မှနေပြီး ဧည့်ခံကော်မတီက ခရီးဦးကြိုပြုသည်။

ဘုတလင် တို့ဗမာ အစည်းအရုံး ဧည့်ခံကော်မတီကလည်း ဧည့်ဝတ်ကျေပွန်စွာ နယ်ကိုယ်စားလှယ်များကို ဧည့်ခံသည်၊ ကျွေးမွေးသည်၊ ပြုစုသည်။ ဘုတလင် ရေကန်ကြီး အနီးရှိ ကျောင်းတိုက်တွင် တည်းခိုရန် ထိုးထားသည့် မဏ္ဍပ်ကြီးကလည်း ဟိန်းလို့၊ မုံရွာစီရင်စုမှ တို့ဗမာ အစည်းအရုံးများအပြင် ရွှေဘိုစီရင်စု ရေးဦးမြို့မှ ဗမာ့လက်ရုံးတပ် ကလည်း သခင်ကျော်ခေါင်းဆောင်၍ ချီတက်လာသေးသည်။

အရပ်ရပ်မှ တို့ဗမာ အစည်းအရုံး ခေါင်းဆောင်များသည် ညတွင် အစည်းအဝေး ထိုင်၍ ညီလာခံအတွက် ဆုံးဖြတ်ချက်များ၊ ကြေညာချက်များကို တိုင်ပင်ဆွေးနွေး၍ ရေးဆွဲကြသည်။ ရန်ကုန်ဌာနချုပ်မှ ရေနံ့မြေ သခင်တင်၊ သခင်ခင်အောင်၊ လက်ရုံးတပ် ဗိုလ်ချုပ်ဗသာတို့ တက်ရောက်လာကြသည့်အပြင် မြင်းခြံစီရင်စုမှ သခင်မင်းဂေါင်လည်း တက်ရောက်သည်။

ထိုအစည်းအဝေးတွင် ရန်ကုန်ဌာနချုပ်မှ ခေါင်းဆောင်များနှင့် မြင်းခြံခေါင်း ဆောင်များအပြင် သူပုန်ဗိုလ်ဟောင်း ဗန္ဓကခေါ် ဦးထွန်းလှကိုလည်း ဘုတလင် ခေါင်း ဆောင်များက ဖိတ်ခေါ်ခဲ့သေး၏။ ဗန္ဓကရသေ့ဟု ခေါ်သော ဦးထွန်းလှမှာ မကြာမီကပင် ထောင်က လွတ်လာသူ ဖြစ်၏။ ဗန္ဓကလည်း သျှောင်ထုံးကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာ၏။ မုံရွှေးသခင် ဗထွေးက ဗန္ဓကကို အထူးပင် သဘောကျနေသည်။ ဗန္ဓကအား မုံရွာစီရင်စု တို့ဗမာ အစည်းအရုံးတွင် နာယကတင်မြှောက်ရန် အကြံပေး၏။ အားလုံးကပင် ထိုအကြံပေးချက်ကို သဘောတူ လက်ခံလိုက်၏။ ဤသို့ပင် ရသေ့ဗန္ဓက ဦးထွန်းလှသည် သခင်ထွန်းလှဘဝသို့ ရောက်ရှိလာ၏။ သူသည် လွတ်လာသော ထောင် သို့ ပြန်သွားရချေဦးမလား။

ရန်ကုန်ဌာနချုပ်မှ လာသော သခင်ခင်အောင်သည် တို့ဗမာ အစည်းအရုံး ခေါင်း ဆောင်များနှင့် တစ်ဦးချင်း လိုက်တွေ့သည်။ တိုးတိုးတိတ်တိတ် ကျိတ်၍ ဆွေးနွေးသည်။

mgyoe.com

သို့သော် သူ့မျက်နှာက မရွှင်ပျလှ၊ နောက်ဆုံး သာယာဝတီညီလာခံတွင် ရင်းနှီးခဲ့သော သခင်ဝိဇယကို ဘုတလင် ရေကန်ကြီးအတွင်းရှိ ကျွန်းကမူလေးတစ်ခုဆီသို့ ခေါ်သွား၏။ သူသည် သခင်ဝိဇယအား ဗမာ့အရေးနှင့် ကမ္ဘာ့အရေးတို့ကို ဆွေးနွေးသည်။ သို့သော် သူ့မျက်နှာက မရွှင်ပျလှ၊ နောက်ဆုံး သာယာဝတီ ညီလာခံတွင် ရင်းနှီးခဲ့သော သခင်ဝိဇယကို ဘုတလင်ရေကန်ကြီးအတွင်းရှိ ကျွန်းကမူလေးတစ်ခုဆီသို့ ခေါ်သွား၏။ သူသည် သခင်ဝိဇယအား ဗမာ့အရေးနှင့် ကမ္ဘာ့အရေးတို့ကို ဆွေးနွေးသည်။ နောက်ဆုံး သူ၏ ကောက်ချက်မှာ ဗမာများသည် အင်္ဂလိပ်နယ်ချဲ့ကိုလည်း ချရမည်။ မြန်မာနိုင်ငံသို့ ရောက်ရှိလာစရာရှိသည့် ဂျပန်ဖက်ဆစ်များကိုလည်း ချရမည်ဟူ၍ ဖြစ်၏။

သူ၏ လုပ်ငန်းစဉ်များကို ကိုယ်စားပြု၍ ဖြန့်ချိရန် တာဝန် လွှဲအပ်ပေးခဲ့သည်။ ဤသို့ဖြင့် သခင်ဝိဇယမှာ ဗမာပြည်၏ လက်ရှိနှင့် နောက်လာမည့် နိုင်ငံရေး အခြေအနေများကို သိမြင်သွားလေသည်။ သခင် ခင်အောင်မှာ ဤတွင်မှ ပြုံးနိုင်တော့၏။ ညီလာခံ မဏ္ဍပ်သို့ ပြန်လာကြ၏။

နောက်တစ်နေ့ ညီလာခံကြီးတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အမှုဆောင်များကို ရွေးကောက်တင်မြှောက်သည်။ လွတ်လပ်ရေးတိုက်ပွဲ ဆုံးဖြတ်ချက်များကို ချမှတ်ပြီး အသေခံတပ်သားများကိုပင် ရွေးချယ်လိုက်သေး၏။

သခင်ထွန်းလှ အမည်ရရှိလာသော ဗန္ဓက သူပုန်ဦးထွန်းလှသည် မုံရွာစီရင်စုတို့ဗမာ အစည်းအရုံး၏ နာယကကြီးအဖြစ်သို့ ရောက်ရှိလာ၏။

ဦးထွန်းလှသည် ဘုတလင်မြို့၏ မြောက်ဘက်သို့ ပသျှူးရွာတွင် ဘုရားတည်၍ မြန်မာနိုင်ငံအနှံ့အပြားမှ ပရိသတ်များ တဖွဲဖွဲ သူ့ထံသို့ ရောက်ရှိလာကြသည်။

"ပသျှူးဘုရားသို့ ဘုရားဖူးမသွားလျှင် ဘီလူးစား ခံရလိမ့်မည်" ဟူသော စကားပင် ထွက်ပေါ်ခဲ့သေး၏။

သူ၏ နာမည်မှာ ကျော်ကြားလွန်းသဖြင့် အင်္ဂလိပ်နယ်ချဲ့အစိုးရက ဖမ်းဆီး အရေးယူတော့၏။ သူရောက်ရှိခဲ့ဖူးသမျှ ကျေးရွာများကိုလည်း ပုလိပ်အဝိုင်းခံရလေတော့၏။

ဦးထွန်းလှအား တော်လှန်ရန် လှုံ့ဆော်သည်ဟု အကြောင်းပြပြီး ထောင်အနှစ် ၂၀ ချလိုက်၏။ ယခုမူ သူကား သခင်ထွန်းလှအဖြစ်သို့ ရောက်ရှိလာပြန်၏။

(၁) နာယက သခင်ထွန်းလှ
(၂) ဥက္ကဋ္ဌ သခင်ဗထွေး
(၃) အတွင်းရေးမှူး သခင်ဖုန်းမို

စသည်တို့ ဖြစ်လေသည်။

mgyoe.com